ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ ကြာသပတေးနေ့၊ (28-9-2006) (၅၀၉၄)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Ma Shoudong နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Senior Colonel Fan Lian Feng တို့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊

စာမျက်နှာ ၉ ကော်လံ ၄ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Ma Shoudong နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Senior Colonel Fan Lian Feng တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Senior Colonel Fan Lian Feng အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၈–၉–၂၀၀၆
(ကြာသပတေးနေ့)

အဆင့်မြင့်လူစီးတွဲနှင့်ကုန်တွဲများ တိုးချဲ့ထုတ်လုပ်နိုင်ရေး ကြိုးပမ်း

သယ်ယူပို့ဆောင်ရေး လုပ်ငန်းများသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ ကူးသန်းဆက်သွယ်သွားလာရေးတွင် အရေးပါလျက်ရှိသည့်အလျောက် နိုင်ငံတော်၏ ပို့ဆောင်ရေးစနစ် သွက်လက်ထက်မြက် ချောမွေ့ကောင်းမွန်စေရေး အလေးထားကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

မြန်မာ့မီးရထားသည် အဓိကကျသော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံအနှံ့ဒေသများသို့ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ် ပြီး ရထားခရီးစဉ်သစ်များ တိုးချဲ့ပြေးဆွဲ လျက်ရှိသည်။ အထူးသဖြင့် စီးပွားရေးအချက်အချာဖြစ်သည့် ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အကြား ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များ ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ရထားပို့ဆောင်ရေးလုပ်ငန်းကို ၁၈၇၇ ခုနှစ်မေလ ၁ ရက်နေ့မှ စတင်ပြေးဆွဲခဲ့ပြီး ရေနွေးငွေ့စက်ခေါင်း၊ လူစီးရထားစက်ခေါင်း၊ ကုန်ရထားစက်ခေါင်းများကို ပြည်ပမှ တင်သွင်းအသုံးပြုခဲ့သည်။ ဒီဇယ်သုံး ရထားစက်ခေါင်းများကို ၁၉၅၈ ခုနှစ်မှ စတင်အသုံးပြုလာပြီး ရေနွေးငွေ့စက်ခေါင်းများကိုလည်း အသုံးပြုနေဆဲဖြစ်သည်။

ထိုစဉ်က ရထားစက်ခေါင်းများ ပြုပြင်ရေးအတွက် စက်ခေါင်းပြင်စက်ရုံကို ရန်ကုန်(အင်းစိန်)တွင်သာ တည်ဆောက်လုပ်ကိုင်ခဲ့ပြီး ယခုအခါ မန္တလေးတိုင်း အမရပူရမြို့နယ်ရှိ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)နှင့် စစ်ကိုင်းမြို့နယ်ရှိ ဒီဇယ်စက်ခေါင်း စက်ရုံ(ရွာထောင်)တို့ကို တည်ဆောက်၍ လူစီးတွဲထုတ်လုပ်ခြင်း၊ ရထားစက်ခေါင်းအရန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် စက်ခေါင်းပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယနေ့ကာလတွင် နိုင်ငံတော်က ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ရင်းနှီးမြှုပ်နှံဖြည့်ဆည်းပေးလျက်ရှိရာ မြန်မာ့မီးရထားစက်ရုံများမှ ပညာရှင်များနှင့် ဝန်ထမ်းများက မိမိတို့၏ အတတ်ပညာနှင့် အတွေ့အကြုံများအခြေခံ၍ နိုင်ငံပိုင်စက်ရုံများ၊ ပုဂ္ဂလိကပိုင်စက်ရုံများနှင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်းအတွက် အဆင့်မြင့်လူစီးတွဲများ၊ ကုန်တွဲများနှင့် ဒီဇယ်စက်ခေါင်းများ တိုးချဲ့ထုတ်လုပ်လာနိုင်မည် ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင် ကျောင်းတော်ကြီးအတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်အိမ်ရာနေ ကျောင်းအလှူရှင် ဦးမျိုးလွင်–ဒေါ်ယုစွမ်မိသားစုက အလှူတော်ငွေ ကျပ် ၁၀၀၀၀၀ ကို ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဒေါ်မြရှင်ထံ ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ၏ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်ကော်မြို့နယ်၌ လူမှုရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်တို့သည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် လှိုင်ကော်မြို့နယ် နွားလဝိုးအခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည့် ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် နွားလဝိုး အခြေခံပညာ အလယ်တန်းကျောင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ အခမဲ့ဆေးဝါးကုသနေမှုကို ကြည့်ရှုအားပေးစဉ်။

(သစ်တောရေးရာ)

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က ကျောင်းအတွက် စာသင်ခုံများနှင့် အလှူငွေကျပ်တစ်သိန်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဗလာစာအုပ် ၁၆၂ ဒါဇင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကျန်းမာရေးအသိပညာပေး ပိုစတာနှင့် အိုင်အိုဒင်းဆားများ ပေးအပ်လှူဒါန်းကြသည်။

ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နွားလဝိုးအခြေခံပညာအလယ်တန်းကျောင်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အခမဲ့ဆေးဝါးကုသခြင်းအခမ်းအနားကို ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့တက်ရောက်အားပေးကြပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်များအခမဲ့ တပ်ဆင်လှူဒါန်းသည်။ အဆိုပါ အခမဲ့ဆေးဝါးကုသပွဲအခမ်းအနားတွင် သမားတော်၊ ကလေးအထူးကု၊ သွားနှင့် ခံတွင်းအထူးကု၊ မျက်စိအထူးကု၊ ခွဲစိတ်အထူးကုနှင့် တိုင်းရင်းဆေးကုအဖွဲ့ခြောက်ဖွဲ့တို့က လူနာများအား အခမဲ့စမ်းသပ်ကုသပေးခဲ့သည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ပြုလုပ်သည့် အသိပညာပေးစကားဝိုင်းကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် လှိုင်ကော်မြို့နယ် လင်ဖုန်လေးကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။ ထို့နောက် ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာရေးစားပွဲ ငါးစုံ၊ အလှူငွေများနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဗလာစာအုပ်ဒါဇင် ၇၀နှင့် ဆေးဖျန်းပုံးငါးလုံး ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် လှိုင်ကော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲနှင့် တွေ့ဆုံပွဲ အခမ်းအနားကို တက်ရောက်သည်။

အခမ်းအနားတွင် လှိုင်ကော်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းလေးကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၅၈၈ ဦး၏ အသင်းဝင်အဆိုပြုလွှာများကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက ပေးအပ်ရာ ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေက လက်ခံသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်က အခြေခံပညာ အထက်တန်းကျောင်းလေးကျောင်းအတွက် ကွန်ပျူတာ တစ်စုံစီနှင့် ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

အထက(၂)အင်းစိန် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသန်းက ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ထက်အောင်ကြိုင်အား ဆုချီးမြှင့်စဉ်။

(၆၁)

ဓမ္မဒူတဒေါက်တာအရှင်ပညိဿရတရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ်(၃၄) စံပြရပ်ကွက် မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံ၌ သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၆ ရက်) ညတွင် မွန်ပြည်နယ် ဘီးလင်း မြို့နယ် တောင်စွန်း ဓမ္မဒူတတောရနှင့် ပဲခူးမြို့နယ် ဆယ်မိုင်ကုန်း ဓမ္မဒူတတောရ သာသနာ့ရိပ်သာတို့၏ နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇဓမ္မာစရိယ သာသနဇောတိပါလ ဓမ္မာစရိယ သာသနဟိတဂဏဝါစကာ စရိယ ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရသည် ည ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော် ဟောကြားမည်ဖြစ်ပါ၍ ကြွရောက်တရားနာယူရန် ဖိတ်ကြားထားသည်။ (က–ပ)

ဗိုလ်တထောင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၄ ရက်က ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မောင်မင်းသာထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်း ဆုချီးမြှင့်စဉ်။

(ပညာရေး)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မလေးရှားနိုင်ငံ စစ်သံမှူး Colonel Hj Abbas Bin Hj. Mat အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မလေးရှားနိုင်ငံဆိုင်ရာ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Sanusi Bin Hashim အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ဂရိနိုင်ငံ သံအမတ်ကြီးအသစ် ခန့်အပ်ရန် သဘောတူ

နေပြည်တော် စက်တင်ဘာ ၂၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဂရိနိုင်ငံ သံအမတ်ကြီးအသစ်အဖြစ် မစ္စတာ အိုင်အိုနစ်၊ ပါပါဒိုပိုးလော့စ်အား ခန့်အပ်ရန် ဂရိအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ အိုင်အိုနစ်၊ပါပါဒိုပိုးလော့စ်သည် ဂရိနိုင်ငံ အေသင်မြို့၌ ၁၉၄၅ ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် မွေးဖွားခဲ့ပြီး ပန်တီရီစ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့နှင့် အေသင်တက္ကသိုလ် ဥပဒေဌာနမှ နိုင်ငံတကာ ဥပဒေဘွဲ့တို့ကို ရရှိခဲ့သည်။ ၁၉၇၉ခုနှစ်တွင် ၎င်းသည် ဂရိနိုင်ငံခြားရေးဝန်ကြီးဌာနသို့ သံအရာရှိအဖြစ် စတင်ဝင်ရောက် အမှုထမ်းဆောင်ခဲ့ပြီး ၁၉၇၉ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဌာနခွဲများနှင့် ရောမမြို့၊ ဝါဆောမြို့၊ ဝယ်လင်တန်မြို့နှင့် မွန်ထရီရယ်မြို့တို့ရှိ ဂရိသံရုံးများ၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ်မှစ၍ ၎င်းသည် ဂရိနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနရှိ အုပ်ချုပ်ရေးနှင့် တရားဥပဒေရေးရာဦးစီးဌာန၌ တွဲဖက်ဌာနကြီးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ အိုင်အိုနစ်၊ပါပါဒိုပိုးလော့စ်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးသုံးယောက် ရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေး ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်၌ပြုလုပ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ လိုက်ပါလျက် တက်ရောက်ကြည့်ရှုစစ်ဆေး အားပေးသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်အတူ နံနက် ၇နာရီတွင် ဒေါပုံမြို့နယ် ယမုံနာလမ်းရှိ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိလာရာ ရုံးခန်းမ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာန ခေတ္တဌာနမှူး ဒေါက်တာအောင်သန်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဆွေဆွေဝင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်တို့က ဒေါပုံမြို့နယ်နှင့် ရန်ကုန်တိုင်းအတွင်း မြို့နယ်အလိုက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုနှင့် ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

မှာကြား

မြို့တော်ဝန်က သွေးလွန်တုပ်ကွေးရောဂါကင်းစင်မှု ရှိစေရန်အတွက် ရောဂါကာကွယ်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုက ပူးပေါင်းပါဝင်၍ စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် မှာကြားသည်။ ထို့နောက် ဒေါပုံမြို့နယ်အတွက် ဖြိုးမေတ္တာကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ရန် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၀သိန်း မတည်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ မြို့ပတ်လမ်းတွင် ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်၊ ကျန်းမာရေးဌာန၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်ပြည်သူများပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လုပ်ငန်းများဖြစ်သည့် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်း၊ ထုံးဖြူးခြင်း၊ နေအိမ်အဆောက်အအုံများနှင့် ပတ်ဝန်းကျင်တွင် ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲစနစ် ကျင့်သုံးရေး ပညာပေးခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်နေပြည်သူများအား အသိပညာပေးဟောပြောခြင်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ ရပ်ကွက်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။ (၁၉)

ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရပ်ကွက်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။ (၁၉)

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲစာမူများ သတ်မှတ်ရက်အမီပေးပို့ရေး နောက်ဆုံးအကြိမ် နှိုးဆော်

ရန်ကုန် စက်တင်ဘာ ၂၇

၂၀၀၆ ခုနှစ် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။ ပြိုင်ပွဲဝင်စာမူများ နောက်ဆုံးပေးပို့ရမည့်ရက်မှာ စက်တင်ဘာ ၃၀ ရက်ဖြစ်၍ အချိန်မီပေးပို့ကြရန် နောက်ဆုံးအကြိမ် ထပ်မံနှိုးဆော်ထားသည်။ စာပေပြိုင်ပွဲနှင့် ပတ်သက်သည့် စည်းကမ်းချက်များမှာ ယခင်ထုတ်ပြန်ထားသည့်အတိုင်းဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ လိပ်မူ၍ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းချီ၊ပန်းပု လက်ရာမွန်များပေးပို့ရန် ရက်ထပ်မံတိုးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုပြပွဲကြီးကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလအတွင်း မန္တလေးမြို့ မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ စက်တင်ဘာ ၂၀ရက်မှစတင်၍ ပြပွဲတင် ပန်းချီ၊ ပန်းပုလက်ရာမွန်ကို ရန်ကုန်ပန်းချီ၊ပန်းပုကျောင်း၌ လက်ခံလျက်ရှိရာ အောင်လံမြို့၊ မော်လမြိုင်မြို့၊ ကျိုက်ထိုမြို့နယ်နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် ၃၇မြို့နယ်မှပညာရှင်များ လာရောက်ပေးပို့လျက်ရှိကြသည်။

ထို့အပြင် မန္တလေးမြို့ ပန်းချီ၊ ပန်းပုကျောင်း၌လည်း ပန်းချီ၊ ပန်းပုလက်ရာများကို လက်ခံလျက်ရှိရာ မုံရွာ၊ ပြင်ဦးလွင်၊ ရွှေဘော၊ ကျောက်ဆည်၊ ပုသိမ်ကြီး၊ မြစ်သား၊ အမရပူရနှင့် မန္တလေး ငါးမြို့နယ်မှ အစည်းအရုံးဝင်ပညာရှင်များကလည်း ပန်းချီပန်းပုလက်ရာကောင်းများကို လာရောက်ပေးပို့ကြကြောင်း သိရသည်။

ယခင်က ပန်းချီ၊ ပန်းပုလက်ရာများကို စက်တင်ဘာ ၂၇ရက်နောက်ဆုံးထား ပေးပို့ရန် ကြေညာထားသော်လည်း ပညာရှင်များ အဆင်ပြေချောမွေ့စွာ ပေးပို့နိုင်ရေးအတွက် ရက်ထပ်မံတိုးမြှင့်ကာ စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ဧရာဝတီမြစ်ရေ ဟင်္သာတမြို့၌ ကျဆင်းနိုင်

ရန်ကုန် စက်တင်ဘာ ၂၇

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန် တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၄၂စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

တရုတ် ခရီးသည်တင်လေယာဉ်များ အာဖဂန်နစ္စတန် ဝယ်ယူရန် စဉ်းစား

ကဘူး စက်တင်ဘာ ၂၆

အာဖဂန်နစ္စတန် သယ်ယူပို့ဆောင်ရေးနှင့် လေကြောင်းဝန်ကြီးဌာနသည် တရုတ်နိုင်ငံမှ ခရီးသည်တင် လေယာဉ်အချို့ကိုဝယ်ယူရန် စဉ်းစားလျက်ရှိကြောင်း မြို့တော်ကဘူး၌ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော အာဖဂန်နစ္စတန် တိုင်းမ်စ် သတင်းစာက စက်တင်ဘာ ၂၄ ရက်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ ယခင်ပြည်တွင်းလေကြောင်း ကုမ္ပဏီဖြစ်သော ဘက်ခ်တာကုမ္ပဏီကို နဂိုမူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိရန် တရုတ်နိုင်ငံမှ လေယာဉ်ငါးစင်းကို ဝယ်ယူမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန ဝန်ကြီးနမာတူလာ အီဆန်ဂျာဝတ်ဒ်၏ ပြောကြားချက်ကို အာဖဂန်နစ္စတန်တိုင်းမ်စ် သတင်းစာက ဖော်ပြသည်။

လုပ်ဆောင်

ယခင်က ပြည်တွင်းလေကြောင်း လုပ်ငန်းများကို လုပ်ကိုင်ခဲ့သော ဘက်ခ်တာကုမ္ပဏီမှာ ၂၅ နှစ်ကျော်မျှ ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ကြောင့် လုပ်ငန်းရပ်ဆိုင်းခဲ့ရသည်။ အာဖဂန်နစ္စတန်၌ မျက်မှောက်တွင် နိုင်ငံပိုင် အာရီနာအမျိုးသား လေကြောင်းလုပ်ငန်းနှင့် ပုဂ္ဂလိကပိုင် ခမ်အဲ လေကြောင်း ကုမ္ပဏီတို့သာ လုပ်ဆောင်လျက်ရှိသည်။ အာရီနာလေကြောင်းလုပ်ငန်းမှာ ဘိုးအင်း-၇၂၇ လေယာဉ်သုံးစင်းနှင့် အဲဘတ်စ်-၃၀၀ လေယာဉ်နှစ်စင်းသာရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လေကြောင်းပြပွဲ၌ ပါဝင်မည့်လေယာဉ် ကိပ်တောင်းမြို့အနီး ပျက်ကျ

ကိပ်တောင်း စက်တင်ဘာ ၂၆

တောင်အာဖရိကနိုင်ငံတွင် ကျင်းပမည့် လေကြောင်းပြပွဲ၌ ပါဝင်ဆင်နွှဲရန် ရောက်ရှိနေသော ပြသမည့် လေယာဉ်တစ်စင်းသည် စက်တင်ဘာ ၂၂ရက်ကကိပ်တောင်းမြို့အနီး ပင်လယ်ပြင်အတွင်းသို့ ပျက်ကျသွားခဲ့ကြောင်း စစ်ဘက်နှင့် ကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ကြိုးပမ်း

လေယာဉ်မှာ ရေပြင်အတွင်းသို့ ထိုးကျသွားခြင်းဖြစ်သည်ဟု တောင်အာဖရိကနိုင်ငံ အမျိုးသား ပင်လယ်ပြင် ကယ်ဆယ်ရေးဌာန (အင်အက်စ်အာရ်အိုင်)မှ ပြောရေးဆိုခွင့်ရှိသူ ထရိတ်လမ်ဘီနွန်က ပြောကြားသည်။ အင်အက်စ်အာရ်အိုင်မှ ကယ်ဆယ်ရေး အဖွဲ့သားများသည် ရဲတပ်ဖွဲ့ ရေငုပ်သမားများနှင့်အတူ ထိုလေယာဉ်ကို ဆယ်တင်နိုင်ရေး ကြိုးပမ်းလျက် ရှိသည်။

ထောက်ကူပြု

လေယာဉ်ပျက်ကျမှုကြောင့် သေဆုံး(သို့မဟုတ်)ဒဏ်ရာရသူ ရှိမရှိ မသိရသေးပေ။ လေယာဉ်ပျက်ကျသွားသည့် တေဘယ်လ်ဘေး ပင်လယ်အော်ကောင်းကင်ယံတွင် ရဟတ်ယာဉ်များ ဝဲပျံနေပြီး ကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နေသည်ကို တွေ့မြင်ရကြောင်း အက်စ်အေပီအေ သတင်းဌာန မှ ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။



ဂျပန်နိုင်ငံ အနောက်ပိုင်း နာဂါအိုကာကျူဒေသ၌ စက်ဘီးစီးသော စက်ရုပ်အား သရုပ်ပြ စမ်းသပ်နေသည်ကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယူဂန္ဒာတွင် ယာဉ်တိုက်မှုကြောင့် သေဆုံးသူများပြား

ကမ်ပါလာ စက်တင်ဘာ ၂၆

ယူဂန္ဒာနိုင်ငံတွင် လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း လမ်းပေါ်၌ မတော်တဆဖြစ်မှုများကြောင့် သေဆုံးသူဦးရေ ၁၀၀၀၀ ကျော်ရှိခဲ့ကြောင်း တနင်္ဂနွေနေ့ သတင်းများတွင် ဖော်ပြသည်။

၂၀၀၅ ခုနှစ်တွင် ယာဉ်တိုက်မှုပေါင်း ၁၇၃၂ မှုအတွင်း လူပေါင်း ၂၀၃၄ ဦးသေဆုံးရကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြသည်။

ယူဂန္ဒာနိုင်ငံတွင် အသေအပျောက်အများဆုံးကိုဖြစ်စေသော အကြောင်းအချက်များတွင် အိဒ်စ်ရောဂါနှင့် ငှက်ဖျားရောဂါ ကူးစက်ပြန့်ပွားခြင်းအပြင် ယာဉ်တိုက်မှုများ ပါဝင်လာကြောင်း သယ်ယူ ပို့ဆောင်ရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်နိုင်ငံ ဖန်းဘိုရာဒေသတွင် တိုက်ခန်းအတွင်း လျှို့ဝှက်စိုက်ပျိုးထားသော ဆေးခြောက်ပင်များကို မူးယစ်ဆေးဝါးနှိမ်နင်းရေးပြုလုပ်ပြီးနောက် စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တောင်ပိုင်းတွင် အမေရိကန် ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၆

အီရတ်နိုင်ငံ ဒုတိယအကြီးဆုံးမြို့ဖြစ်သော ဘာဆရာမြို့တွင် အမေရိကန် ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦး ဒုံးကျည်ထိမှန်မှုကြောင့် သေဆုံးကြောင်း၊ ၎င်းမှာ အမေရိကန် ကောင်စစ်ဝန်ရုံးအတွက် အလုပ်လုပ်ကိုင်နေသူ ဖြစ်ကြောင်း အီရတ်နိုင်ငံ တောင်ပိုင်း အပေါင်းပါတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ပစ်ခတ်

ယခင် အီရတ်သမ္မတ နန်းတော်နေရာတွင် ယခုအခါ ဗြိတိန်တပ်ဖွဲ့က စောင့်ကြပ်နေပြီး အမေရိကန်၊ ဗြိတိန်နှင့် အခြားသံတမန် မစ်ရှင်အဖွဲ့များ ရုံးစိုက်ရာနေရာ ဖြစ်သည်။ အဆိုပါ နေရာတွင်ရှိသော ဗြိတိန်ကောင်စစ်ဝန်ရုံးကို ဒုံးကျည်ဖြင့် ပစ်ခတ်ရာတွင် ထိခိုက်ဒဏ်ရာရရှိသူ မရှိသော်လည်း ဒုတိယမြောက် ဒုံးကျည်ကျရောက်ရာတွင် အမေရိကန် ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦး ဒုံးကျည်ထိမှန် သေဆုံးသွားသည်ဟု ၎င်းက ပြောကြားသည်။

တည်ငြိမ်

ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၅၅၀ အကွာရှိ ဘာဆရာမြို့မှာ တည်ငြိမ်အေးချမ်းသောမြို့ ဖြစ်သည်။

တင်းမာ

သို့သော် ပြီးခဲ့သောလအနည်းငယ်က ယင်းမြို့တွင် ဗြိတိန်တပ်ဖွဲ့များက ရှီးယိုက်ခေါင်းဆောင်များကို ထိန်းသိမ်းခဲ့ပြီး ရှီးယိုက်နှင့် ဗြိတိန်တပ်ဖွဲ့တို့ တင်းမာမှုများ ပြင်းထန်လာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းစစ်တပ် အာဏာသိမ်းကောင်စီက နိုင်ငံရေးစုဝေးမှုများ အားလုံးပိတ်ပင်ထား

ဗန်ကောက် စက်တင်ဘာ ၂၆

ထိုင်းနိုင်ငံတွင် နိုင်ငံရေးအရ စုရုံးခြင်းနှင့် နိုင်ငံရေးအရ လှုပ်ရှား ပြုလုပ်ခြင်း အမျိုးမျိုးကို ပိတ်ပင် တားမြစ်လိုက်ကြောင်း အာဏာသိမ်းအဖွဲ့က စက်တင်ဘာ ၂၁ရက်တွင် ကြေညာခဲ့သည်။

ဖော်ပြထား

နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို အာဏာသိမ်းကောင်စီက ဆောင်ရွက်လုပ်ကိုင်နေစဉ် လုပ်ငန်းအဆင်ပြေစွာ ပြီးစီးသွားစေရန်အတွက် နိုင်ငံရေးပါတီများ၏ စည်းဝေးပွဲများအားလုံးနှင့် နိုင်ငံရေးလှုပ်ရှားမှုများ အားလုံးကို ပိတ်ပင်ရခြင်းဖြစ်ကြောင်း နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးကောင်စီ၏ ရုပ်မြင်သံကြားဌာနမှ ကြေညာချက်တွင် ဖော်ပြထားသည်။

ကြေညာ

ထို့ပြင် နိုင်ငံရေးပါတီ အဖွဲ့အစည်းသစ်များ ဖွဲ့စည်းတည်ထောင်ခြင်းကိုလည်း ပိတ်ပင်ထားကြောင်း သတင်းတွင် ကြေညာသွားသည်။

ထုတ်ဖော်ပြောကြား

အာဏာသိမ်းအဖွဲ့သည် ၎င်းတို့အဖွဲ့၏ အမည်ကို ဒီမိုကရေစီပြုပြင်ဖော်ဆောင်ရေးကောင်စီ (စီဒီအာရ်) ဟူ၍ အမည်ကို ပြင်ဆင်ပြောင်းလဲလိုက်ကြောင်း စက်တင်ဘာ ၂၇ရက်တွင် ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားသည်။

ယခုသီတင်းပတ်အကုန်တွင်စီဒီအာရ်က အာဏာလွှဲပြောင်းပေးမည့် ဝန်ကြီးချုပ်သစ်နှင့်ဝန်ကြီးအဖွဲ့များကို ကြေညာရမည်ဖြစ်ပြီး ဖြစ်နိုင်လျှင် လာမည့်နှစ်အောက်တိုဘာလခန့်တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပနိုင်ဖွယ်ရှိသည်ဟုဆိုသည်။ယခုအခါထိုင်းအာဏာသိမ်းအဖွဲ့ကတစ်နိုင်ငံလုံးမှာရှယ်လောဥပဒေထုတ်ပြန်ထားသည်။ **အင်တာနက်။**

လက်ဘနွန်နိုင်ငံ တောင်ပိုင်း ဘင်ဂျဘီဒေသသို့ ဝင်ရောက်လာသော ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့မှ ဆေးတပ်ဖွဲ့ ယာဉ်တစ်စီးကို စက်တင်ဘာ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တောင်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်ခံရပြီး ယာဉ်တစ်စီး ပျက်စီးနေသည်ကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ် ပြည်ပပို့ကုန်ဝင်ငွေ ကိုးလအတွင်းတိုးတက်

ဟနွိုင်း စက်တင်ဘာ ၂၆

ယခုနှစ်ပထမကိုးလအတွင်း ဗီယက်နမ်နိုင်ငံသည် ပြည်ပပို့ကုန်မှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၉ဒသမ၄ဘီလီယံ ရရှိခဲ့ရာ ယခင်နှစ် အလားတူအချိန်ကထက် ဝင်ငွေ ၂၄ ဒသမ ၂ ရာခိုင်နှုန်း တိုးတက် ရရှိခြင်းပင် ဖြစ်ကြောင်း အထွေထွေစာရင်းဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

တိုးတက်လာ

ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ရော်ဘာတင်ပို့မှုသည် ၁၀၀ ရာခိုင်နှုန်း တိုးတက်လာပြီး အမေရိကန်ဒေါ်လာ သန်း ၉၅၀အထိ ရရှိခဲ့သည်။ ကော်ဖီတင်ပို့မှုသည် ၃၅ ရာခိုင်နှုန်း တိုးတက်လာပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၈၈ သန်း ရရှိခဲ့သည်။ ပင်လယ်ထွက် အစားအစာ တင်ပို့မှုသည် ၁၉ ဒသမ ၂ရာခိုင်နှုန်း တိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ ရရှိခဲ့သည်။

အဆိုပါ ကာလအတွင်း ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ဆန်တန်ချိန် ၄ ဒသမ ၁ သန်း တင်ပို့နိုင်ခဲ့သည်ဟု ခန့်မှန်းရပြီး ယင်းမှဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ဘီလီယံ ရရှိမည်ဟု မှန်းဆသည်။

ခန့်မှန်း

သွင်းကုန်ကို ကြည့်မည်ဆိုပါက ဖော်ပြပါ ကာလအတွင်း ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၃၂ ဒသမ၂ ဘီလီယံဖိုးမျှရှိသော ကုန်စည်များကို ဝယ်ယူတင်သွင်းသည်ဟု ခန့်မှန်းရသည်။ တင်သွင်းကုန်များမှာ အဓိကအားဖြင့် ရေနံထွက်ပစ္စည်းများ၊ စက်ကိရိယာများ၊သံမဏိများ၊ ဓာတ်မြေသြဇာများနှင့် မော်တော်ယာဉ်များ ပါဝင်သည်။ တင်သွင်းမှု တန်ဖိုးသည် ယခင်နှစ် အလားတူ အချိန်ကထက် ၁၉ ဒသမ ၃ရာခိုင်နှုန်း ပိုမိုများပြားလာခြင်းပင်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံအတွက် ပို့ကုန်မှရသော ဝင်ငွေသည် ၂၀၀၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံအထိ ရောက်ရှိလာလိမ့်မည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မလေးရှားရဲတပ်ဖွဲ့ ဆေးခြောက်ဖမ်းဆီးရမိ

ကွာလာလမ်ပူ စက်တင်ဘာ ၂၆

မလေးရှားနိုင်ငံ ရဲတပ်ဖွဲ့သည် ဆေးခြောက် ၂၄၃ ကီလိုကို ပီနန်ပြည်နယ်အတွင်း စနေနေ့က သိမ်းဆည်းရမိကြောင်းသိရသည်။

ဒေသခံရဲတပ်ဖွဲ့သည် သတင်းပေးတိုင်ကြားချက်အရ ပီနန်ပြည်နယ်ရှိ နေအိမ်တစ်လုံးကို စနေနေ့ နံနက်အစောပိုင်းက ဝင်ရောက်စီးနင်းရှာဖွေရာ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခြင်း ဖြစ်ကြောင်း မူးယစ်ဆေးဝါး နှိမ်နင်းရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မူးယစ်ဆေးဝါးမှောင်ခိုတင်ပို့သူများသည် ပီနန်ပြည်နယ်တွင်းသို့ အိမ်နီးချင်း ဘလစ်ပါလာအူဒေသမှ သယ်ဆောင်လာခြင်းဖြစ်သည်။ ထိုမှတစ်ဆင့် မလေးရှားနိုင်ငံကွာလာလမ်ပူမြို့ဝန်းကျင်သို့ မှောင်ခိုသယ်ဆောင် ရောင်းချရန် ရည်ရွယ်ထားကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဘနာမားသတင်းဌာနသို့ ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယသို့ ယူရေနီယံ ရောင်းချရန် သြစတြေးလျစဉ်းစားနေဟုဆို

ကင်ဘာရာ စက်တင်ဘာ ၂၆

သြစတြေးလျနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ အဏုမြူလောင်စာ ယူရေနီယံ သတ္တု ရောင်းချသွားရေးပိတ်ပင်ထားသည့်မူဝါဒကို ယခုအချိန်တိုင်အောင် ပြောင်းလဲခြင်း မရှိသေးကြောင်း ဝန်ကြီးချုပ် ဂျွန်ဟောင်းဝဒ်က တနင်္လာနေ့တွင် ပြောကြားသည်။

ပြောကြား

သို့ရာတွင် သြစတြေးလျနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ယူရေနီယံ ရောင်းချပေးနိုင်မည့် နည်းလမ်းကို ရှာဖွေလျက်ရှိသည်ဟုဆိုသည်။ အိန္ဒိယနိုင်ငံအနေဖြင့် ဝယ်ယူခွင့်ရထားသော ယူရေနီယံများကို ငြိမ်းချမ်းရေးကိစ္စများအတွက်သာအသုံးပြုမည်ဟု အာမခံလျှင် အိန္ဒိယသို့ ယူရေနီယံ ရောင်းချခွင့်ကို သဘောတူမည်ဆိုသောကိစ္စကို မိမိ သဘောတူကြောင်း ဟောင်းဝဒ်က သြစတြေး လျအသံလွှင့်ဌာန (အေဘီစီ) သို့ ပြောကြားခဲ့သည်။

သို့ရာတွင် ထိုသို့ရောင်းချရေးကိစ္စမှာ လောလောဆယ်တွင် စွဲကိုင်ထားသော မူဝါဒနှင့် ကိုက်ညီခြင်းမရှိသော အခြေအနေဖြစ်နေသေးသော်လည်း အိန္ဒိယသို့ ယူရေနီယမ် ရောင်းချသွားရေးကိစ္စကိုမူ အစိုးရအနေဖြင့် စဉ်းစားနေဆဲ ဖြစ်သည်ဟု ဟောင်းဝဒ်က ဆက်လက်ပြောကြားသည်။

စီစဉ်နေ

နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ် (အင်ပီတီ)ကို လက်မှတ်ရေးထိုးထားခြင်း မရှိသော နိုင်ငံကို လောလောဆယ် အခြေအနေတွင် သြစတြေးလျနိုင်ငံအနေဖြင့် ယူရေနီယံလောင်စာများ ရောင်းချခြင်းမပြုလုပ်ရန် မူဝါဒချမှတ်ထားသည်။ အိန္ဒိယနိုင်ငံသည် အင်ပီတီစာချုပ်ကို လက်မှတ်ရေးထိုးထားခြင်း မရှိပေ။ ဖော်ပြပါ အခြေအနေကို စွန့်လွှတ်ပြီး အမေရိကန် ဆီးနိုတ်အနေဖြင့် အိန္ဒိယနိုင်ငံနှင့် နျူကလီးယား ကိစ္စကို ပူးပေါင်း ဆောင်ရွက်သွားရန် စီစဉ်နေသည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့အနီးမှ တူးဖော်ရရှိသည့် နှစ်ပေါင်း ၉၅၀၀ခန့်ကဟု ယူဆရသော ရှေးဟောင်း ရုပ်ကြွင်းများကို စက်တင်ဘာ ၂၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံခြား သတင်းများ

ကော်ဖီများ ပြည်ပတင်ပို့မှုမြှင့်တင်ရန် ပါကစ္စတန် ကြိုးပမ်းဆောင်ရွက်မည်

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၆

ပါကစ္စတန်နိုင်ငံ၏ ပြည်ပကော်ဖီတင်ပို့ရောင်းချမှုလုပ်ငန်းမှာ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာနှစ်တွင် ရည်မှန်းချက်အတိုင်း အကောင်အထည်မဖော်နိုင်ခဲ့ဘဲ အမေရိကန်ဒေါ်လာ ၂၆ သန်းခန့် ဆုံးရှုံးခဲ့ကြောင်း၊ ၎င်းမှာ ဈေးကွက်ရောင်းချရေးဆိုင်ရာ မဟာဗျူဟာချမှတ်ရာတွင် အားနည်းမှု၊ ကမ္ဘာ့ကော်ဖီရောင်းချမှု ဈေးကွက်တွင် တရုတ်၊ အိန္ဒိယနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ ဝင်ရောက်ထိုးဖောက်နေရာယူမှုတို့ကြောင့်ဖြစ်ကြောင်း ကုန်သွယ်ရေးသတင်းရပ်ကွက်က စီးပွားရေးလုပ်ငန်းမှတ်တမ်းအဖွဲ့သို့ ပြောကြားသည်။

ဒေါ်လာသန်း ၂၈၀ ရရှိ

ယာယီပြုစုထားသည့် စာရင်းဇယားများ အရ ပါကစ္စတန်၏ကော်ဖီ ပြည်ပသို့ တင်ပို့ရောင်းချရာမှ ၂၀၀၅ခုနှစ် ဇွန် ၃၀ ရက်တွင် ဒေါ်လာ ၂၇၇ သန်း ရရှိခဲ့သည်ဟု သိရသည်။ ၂၀၀၆ ခုနှစ် ဇွန် ၃၀ ရက်တွင် ဒေါ်လာသန်း ၂၈၀ ရရှိစေရန် ကြိုးပမ်းရဦးမည်ဟု ပြည်ပသို့ တင်ပို့ရောင်းချသူများက ပြောကြားသည်။

အင်တာနက်။

ဂီနီဘစ်ဆော၌ ကိုကင်း ၆၇၄ကီလို သိမ်းဆည်းရမိ

ဘစ်ဆော စက်တင်ဘာ ၂၆

ဂီနီဘစ်ဆောနိုင်ငံ ရဲတပ်ဖွဲ့သည် တနင်္ဂနွေနေ့တွင် ကိုကင်း ၆၇၄ကီလိုကို သိမ်းဆည်းရမိလိုက်ပြီး မသင်္ကာသူ ဗင်နီဇွဲလားနိုင်ငံသား မှောင်ခိုနှစ်ဦးကိုလည်း ဖမ်းဆီးလိုက်ကြောင်း အဆင့်မြင့် တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ယင်း ကိုကင်းများမှာ မှောင်ခိုပေါက်ဈေး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၄၉ သန်းနီးပါးရှိပြီး ဂီနီဘစ်ဆောနိုင်ငံ၌ အများဆုံး သိမ်းဆည်းရမိသည့် ပမာဏဖြစ်ကြောင်း တရားရေးဆိုင်ရာ ရဲတပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ် အော်လန်ဒိုအန်တိုနီယိုဒါဆေးလ်ဗားက သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်း၌ ကြက်၊ငှက်တုပ်ကွေးရောဂါဖြစ်၍ လူသေဆုံး

ဗန်ကောက် စက်တင်ဘာ ၂၆

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းတွင် လွန်ခဲ့သည့် လအတွင်းက လူလတ်ပိုင်းအရွယ်အမျိုးသားတစ်ဦး H_5N_1 ကြက်၊ငှက်တုပ်ကွေးရောဂါပိုး ကူးစက်ခံရ၍ သေဆုံး သွားကြောင်း ပြည်သူ့ကျန်းမာရေးဌာနအား ကိုးကား၍ ဒေသခံမီဒီယာများကအင်္ဂါနေ့တွင်ပြောကြားသည်။

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း နောင်ဆူအာလမ်ဖူးပြည်နယ်တွင် အသက်၅၉ နှစ်အရွယ် အမျိုးသားတစ်ဦး သြဂုတ် ၁၀ရက်တွင် သေဆုံးခဲ့ကြောင်း သိရသည်။

ယင်းမှာ H_5N_1 ကြက်၊ငှက်တုပ်ကွေးဗိုင်းရပ်စ်ရောဂါပိုးကြောင့်သေဆုံးရခြင်းဖြစ်ကြောင်း ဓာတ်ခွဲခန်းကျွမ်းကျင်သူများ၏ အတည်ပြုပြောကြားချက်ကို ကိုးကား၍ ကျန်းမာရေးဌာနက နိုင်ငံပိုင်သတင်းမီဒီယာများအား ထုတ်ဖော်ပြောကြားသည်။

သေဆုံး

အဆိုပါ ကြက်၊ငှက်တုပ်ကွေး ဗိုင်းရပ်စ်ရောဂါပိုးကြောင့် ယခုနှစ်အတွင်း သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

စတင်တွေ့ရှိ

ထိုင်းနိုင်ငံအတွင်း H_5N_1 ဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ခံရသူဦးရေမှာ စာရင်းအရ ၂၅ဦးရှိပြီး ယင်းအနက် ၁၇ဦး သေဆုံးခဲ့ရသည်။ ၎င်းရောဂါပိုးသည်နိုင်ငံအတွင်း၌ ၂၀၀၄ခုနှစ် အချိန်က စတင်၍ တွေ့ရှိရခြင်း ဖြစ်သည်။ ***အမ်အင်အေ/ဆင်ဟွာ။***

ကမ္ဘာတွင် စိန်ဒုတိယအများဆုံး ထုတ်လုပ်သည့် ရုရှားနိုင်ငံ မော်စကိုမြို့၌ ပြုလုပ်သော ၂၀၀၆ခုနှစ် ရတနာပြပွဲတွင် စံပြမယ်တစ်ဦး စိန်သရဖူအား ဝတ်ဆင်ပြသနေသည်ကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တမူး–စေတီလမ်း၌ နန့်ယားချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးသွားသည့် ဖိုင်လင်းတံတားဖွင့်ပွဲ ကျင်းပ
ဒေသထွက်သီးနှံများ၊ သစ်တောထွက်ကုန်များကို တစ်ဖက်နိုင်ငံသို့ ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းဖြင့် ရောင်းချနိုင်မည်

ရန်ကုန် စက်တင်ဘာ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၄)က စစ်ကိုင်းတိုင်း တမူးမြို့နယ်ရှိ တမူး–စေတီလမ်း မိုင်တိုင် (၃၇/၂)၌ နန့်ယားချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးသွားသည့် ဖိုင်လင်းတံတား ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါ တံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မင်္ဂလာစည်တော် အကအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ဖိုင်လင်းတံတားဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။
(ဆောက်လုပ်ရေး)

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဂုဏ်ပြု အမှာစကားရာ၌ ဤတံတားကြီးကို ဖွင့်လှစ်ပေးခြင်းဖြင့် တမူးနှင့် စေတီကို မော်တော်ကားဖြင့် အချိန်တိုစွာ သွားလာနိုင်တော့မည်ဖြစ်၍ ဤဒေသအတွက် လမ်းကြောင်းသစ်တစ်ခု ဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသခံ တိုင်းရင်းသား ပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး အကျိုးရလဒ်ကောင်းများ တိုးပွားဖြစ်ထွန်း လာမည်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများအားလုံး လူမျိုး ဘာသာ မခွဲခြားဘဲ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စိတ်အေးချမ်းမြေ့စွာ လူနေမှုဘဝအဆင့်အတန်း မြင့်မားစွာနေထိုင် နိုင်စေရန်ဆိုသည့် မွန်မြတ်သော စေတနာကောင်းဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း ဒေသများ အားလုံး ဟန်ချက်ညီညီ မျှမျှတတ သဟဇာတဖြစ်စွာ ဖွံ့ဖြိုးတိုးတက် လာစေရအောင်နှင့် ပြည်သူများ၏ စီးပွားရေးဘဝ ပိုမိုတိုးပွားစည်ပင်စေရအောင် အမြဲမပြတ် ဝါယမစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး အားနည်းမှုကြောင့် ဖွံ့ဖြိုးမှုတွင် နောက်ကျ ကျန်နေရသည့် ဒေသများကိုဖော်ထုတ်ပြီး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်မှုမှတစ်ဆင့် ဒေသဖွံ့ဖြိုးမှု အခြေခံကောင်းများ အချိန်တိုအတွင်း ဖြစ်ထွန်းလာစေရအောင် ပြည်ထောင်စုလမ်းမကြီးများ၊ အချက်အချာကျသည့် မြို့ကြီးများ၊ အချင်းချင်းဆက်သွယ်သည့် လမ်းမကြီးများနှင့် မြစ်ကူး၊ချောင်းကူးတံတားကြီးများကို တည်ဆောက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအခြေခံကောင်းများ၊ တည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံး ညီညွတ်မှု အခြေခံကောင်းများကို အခိုင်အမာ တည်ဆောက် ပေးနိုင်ပြီဖြစ်သည်နှင့် အညီ မူလရည်ရွယ်ချက်အတိုင်း နိုင်ငံတော်ကြီးကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ကူးပြောင်း လာနိုင်စေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

ပြည်သူများအပိုင်းကလည်း ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် ငြိမ်းချမ်းသာယာမှု၊ တည်ငြိမ်အေးချမ်းမှု၊ ပေါင်းစည်း ညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဆက်လက်တိုးပွား ဖြစ်ထွန်းစေရအောင် ဘေးပယောဂများကို ရှောင်ရှားပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် (၁၀)စုနှစ် တစ်ခုကျော် ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူအကျိုး ကြိုးပမ်းစွမ်းဆောင်ပေးခဲ့မှုများမှာ ဖြူစင်သည့် စေတနာနှင့် စစ်မှန်သည့် ကြိုးပမ်းအားထုတ်မှုများသည် ပေါ်လွင်ထင်ရှားနေပြီဖြစ်သည်နှင့်အညီ ပြည်သူများဘက်မှလည်း နိုင်ငံတော်၏ မှန်ကန်သည့်မူဝါဒ၊ ရိုးသားဖြောင့်မတ်ဖြူစင်သည့်စေတနာ၊ မေတ္တာတို့ကို သိမြင်ထောက်ထားပြီး အများလိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးနှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ ဉမကွဲ၊ သိုက်မပျက် တည်တံ့ခိုင်မြဲရေးတို့အတွက် ဆက်လက်ပြီး အားသွန်ခွန်စိုက် လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြား လိုကြောင်းဖြင့် ပြောကြားသွားသည်။

ဆောက်လုပ်ရေးဝန် ကြီး ဌာ န ဝန်ကြီး ဗိုလ်ချုပ်စော ထွန်း ဖိုင်လင်း တံ တား ဖွင့်ပွဲတွင်ရှင်းလင်း ပြောကြားစဉ်။
(ဆောက်လုပ်ရေး)

ထို့နောက်ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတား တည်ဆောက်ပေးရခြင်းနှင့် တံတား တည်ဆောက်ရေးလုပ်ငန်း၊ တံတားပိုင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားရာတွင် တပ်မတော်အစိုးရ တာဝန်ယူခဲ့သည့် (၁၈)နှစ်တာ ကာလအတွင်းတွင် တစ်ပြည်လုံး၌ လမ်းမိုင် ၅၃၈၆ မိုင် တိုးတက်ဖောက်လုပ်နိုင်ခဲ့ပြီး ပေ ၁၈၀ နှင့် အထက် တံတားကြီးပေါင်း ၂၁၈ စင်းကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း အတွင်း၌ ဆိုလျှင် လမ်းမိုင် ၇၆၃မိုင်နှင့် ပေ ၁၈၀နှင့် အထက် တံတားကြီးပေါင်း ၁၂စင်း တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ နောက်ထပ်လည်း ကံကြီးဝတံတား၊ ဥရုတံတားနှင့် နမ့်စလိန်တံတားများကိုလည်း အမြန်ပြီးစီးဖွင့်လှစ်အသုံးပြုနိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်သည့် ဖိုင်လင်းတံတားနှင့် ပတ်သက်ပြီး အနည်းငယ်တင်ပြလိုကြောင်း၊ ဤတံတားနေရာ၌ ၁၉၉၆ ခုနှစ်က နှစ်လွှာတစ်ထပ် ဘောလီတံတားအဖြစ် တည်ဆောက်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ ဤနယ်မြေကို ဖွံ့ဖြိုးတိုးတက်လာအောင် တမူး–စေတီလမ်းကို ဖောက်လုပ်ပေးခဲ့ပြီး ယင်းလမ်းပေါ်၌ ဖိုင်လင်းတံတားကို အောက်ခံသစ်သားအုတ်မြစ်အပေါ် ဘောလီဖြင့် တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း၊ ၁၉၉၉ခုနှစ်တွင် မိုးများပြီး နန့်ယားချောင်းရေကြီးခဲ့၍ ဘောလီတံတားသည် ရေထဲ မျောပါသွားခဲ့၍ ဤတံတားနေရာအနီး၌ပင် ယနေ့ ဖွင့်လှစ်ပေးသော တာဝါကြိုးဆိုင်း တစ်လွှာတစ်ထပ် ဘောလီတံတားအဖြစ် ၁၀–၁၀–၂၀၀၂ခုနှစ်ကစပြီး အသစ်ပြန်လည်တည်ဆောက်ခဲ့၍ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကုန်ကျငွေမှာ ငွေကျပ်သိန်း ၈၆၀ ဖြစ်ကြောင်း၊ ယင်းဒေသကစိုက်ပျိုးထွက်ရှိသည့် သီးနှံများ၊ သစ်တောထွက်ကုန်များကို တမူး–ကလေး – ကလေးဝက တစ်ဆင့်ပြည်တွင်းကို အလွယ်တကူသယ်ပို့နိုင်တော့မည်ဖြစ်သကဲ့သို့ တစ်ဖက်နိုင်ငံကိုလည်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းဖြင့် ရောင်းချနိုင်မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများ ကိုယ်စား ဒေသခံပြည်သူတစ်ဦး ဖြစ်သော ဦးခင်မောင်တာက တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးခြင်း အတွက် ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။ ယင်းနောက် မင်္ဂလာအချိန်တွင် တိုင်းမှူး၊ ဝန်ကြီးနှင့် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်တို့က ဖဲကြိုးဖြတ်၍ ဖိုင်လင်းတံတားကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧည့်ပရိသတ်နှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဖိုင်လင်းတံတား(စစ်ကိုင်းတိုင်း) တံတား မော်ကွန်းကျောက်စာတိုင်ကို တိုင်းမှူး ဗိုလ်ချုပ်သာအေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က တံတား မော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး တံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုကြသည်။

ဖိုင်လင်းတံတား အမျိုးအစားမှာ တံတားအောက်ထည် အချင်း ခြောက်ပေနှင့် လေးပေရှိ သံကူကွန်ကရစ် ပိုင်တိုင် အုတ်မြစ်နှင့် သံကူ ကွန်ကရစ် တိုင်ဖြစ်ပြီး တံတားအပေါ်ထည်မှာ တာဝါကြိုးဆိုင်း တစ်လွှာ တစ်ထပ် ဘောလီတံတားနှင့် တံတားအရှည်မှာ ပေ ၄၂၀ရှိ၍ ယာဉ်သွားလမ်းအကျယ်သည် ၁၀ ပေ ၉ လက်မနှင့် ခွင့်ပြုယာဉ် အလေးချိန်သည် ယာဉ်တစ်စီးချင်း ၁၃တန်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း တမူးမြို့နယ် နန့်ယားချောင်းကိုဖြတ်၍ တည်ဆောက်ထားသည့် ဖိုင်လင်းတံတားကို တွေ့ရစဉ်။
(ဆောက်လုပ်ရေး)

မိုးညိုဆရာတော် တရားသင်တန်း

ရန်ကုန် စက်တင်ဘာ ၂၇

ဗုဒ္ဓ၏ ဓမ္မအစစ် တရားအနှစ်များကို ရွှေတိဂုံစေတီတော် အလယ်ပစ္စယံ တနင်္ဂနွေထောင့်တွင် တည်ရှိသော နိစ္စသုခစံကျောင်း၌ မိုးညိုဆရာတော်က အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၈နာရီမှ ၁၀နာရီအထိ ပါဠိတော်နှင့် အညီ နားလည်လွယ်အောင် သင်ကြားပို့ချ ပေးနေပါသဖြင့် မည်သူမဆို တက်ရောက် လေ့လာသင်ယူနိုင်ကြောင်း သိရသည်။ (က–ပ)

ရန်ကုန်မြို့ သာကေတမြို့နယ် (၂)တောင်ရပ်ကွက် ရန်ပြေ (၃)လမ်းနေ ဦးတင်မြင့်–ဒေါ်သန်းသန်းဝင်း၊ သမီး မကေခိုင်ဦး မိသားစုက ဒေါ်သန်းသန်းဝင်း၏ မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဓိဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံရယူစဉ်။
(က–ပ)

ရေစကြိုမြို့နယ် မြေခဲတောင်ရေလှောင်တမံသည် အကျိုးပြုဧက ၅၀၀ ကျော်ရှိ ပခုက္ကူခရိုင် စပါးစိုက်ဧက တိုးချဲ့ရေးနှင့် ဒေသဆန်ဖူလုံရေး အကျိုးသက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်း ဆည်မြောင်းဦးစီးဌာနက ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော မြေခဲတောင်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါ ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပခုက္ကူခရိုင်နှင့် ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုများမှ တောင်သူလယ်သမားများ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ရေး အင်ဂျင်နီယာများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကား ပြောကြားရာတွင် ယနေ့ ဖွင့်လှစ်သည့် မြေခဲတောင် ရေလှောင်တမံသည် နိုင်ငံတော်၏ ၁၈၉ခုမြောက် ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားဖြစ်ပြီး နိုင်ငံတော် အစိုးရ၏ ရည်မှန်းချက်ဖြစ်သည့် ပြည်သူများ စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်ရေးအတွက် အဓိကအထောက်အကူပြုသော ရလဒ်ကောင်းတစ်ခုဖြစ်ကြောင်း။

မကွေးတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးဟု တင်စားပြောရလောက်အောင် ဆီဖူလုံမှု ၄၂၉ ရာခိုင်နှုန်းရှိသော်လည်း လူဦးရေသိန်း ၅၀ လောက်ရှိသည့် မကွေးတိုင်း၌ ဆန်ဖူလုံမှု ၉၂ ဒသမ၈ရာခိုင်နှုန်းသာ ရှိသေးကြောင်း၊ ယင်းအထဲတွင် ပခုက္ကူခရိုင်သည် လူဦးရေ ၁၄သိန်းကျော်ရှိပြီး ဆန်ဖူလုံမှုသည် ၃၁ရာခိုင်နှုန်းသာရှိကြောင်း။

ထို့ကြောင့် ယနေ့ဖွင့်သည့် မြေခဲတောင် ရေလှောင်တမံသည် အကျိုးပြုဧက ၅၀၀ ရှိပြီး လယ် ၃၄၅ ဧကနှင့် ယာ ၁၅၅ဧက ယခုနှစ်စိုက်ပျိုးနိုင်ရန် ရည်မှန်းထားရှိခဲ့သည့်အတွက် ပခုက္ကူခရိုင်အတွက် စပါးစိုက်ဧက တိုးချဲ့ရေးနှင့် ဒေသဆန်ဖူလုံရေးကို အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း။

ယခုနှစ် မိုးရာသီတွင် မကွေးတိုင်း တစ်တိုင်းလုံးအနေဖြင့် မိုးစပါးစိုက်ဧက ၉၂၅၀၀၀ခန့် ရရှိအောင် ရည်မှန်းထားပြီး နွေစပါးဧက ၁၆၀၀၀၀ ကျော်နှင့် ဆန်ဖူလုံမှု ၁၂၅ရာခိုင်နှုန်းခန့်ရရှိရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပခုက္ကူခရိုင် အနေနှင့် မိုးစပါး စိုက်ဧက ၁၂၈၅၈၆ ဧကနှင့် နွေစပါးဧက ၂၀၀၀၀ကျော် စုစုပေါင်း ၁၄၀၀၀၀ ကျော် စိုက်နိုင်ပါက ဆန်ဖူလုံမှု ၅၄ရာခိုင်နှုန်းအထိ ရရှိရန် မျှော်မှန်းဆောင်ရွက်နေကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူဒေသ စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် ယခုကဲ့သို့ ဆည်/ကန်ငယ်များ တည်ဆောက်ခြင်း၊ ရေရရှိရေး နည်းလမ်းများ တီထွင်ဖော်ထုတ်ခြင်း လုပ်ငန်းပေါင်း ၇၁ ခု ရည်မှန်းဆောင်ရွက်လျက်ရှိရာ ယခုဖွင့်မည့် မြေခဲတောင်ဆည် အပါအဝင် လုပ်ငန်း ၅၀ခု အပြီးသတ်နိုင်ခဲ့ပြီး အကျိုးပြုစပါး စိုက်ဧက ၅၀၀၀ ခန့်ကိုလည်း ယာမှ လယ်ပြောင်းပြီး စပါးစိုက်ပျိုးနိုင်လာပြီ ဖြစ်ကြောင်း။

ထို့ကြောင့် တက်ရောက်လာသော ဒေသခံတောင်သူများသည် နိုင်ငံတော်၏ စေတနာကို သိရှိနားလည်ပြီး မိမိဒေသအတွင်း မိမိအတွက် အမှန်အကျိုးပြုသည့် ယခု ရေလှောင်တမံကြီး တည်တံ့ကြံ့ခိုင်ရေး၊ ရေဝေရေလဲဒေသ စိမ်းလန်းစိုပြည်ရေး၊ ရေပေးဝေသည့် မြောင်းစနစ်များ မပျက်စီးရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြပါဟု ပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကား ပြောကြားရာတွင် မိုးနည်းရေရှားပြီး ပူပြင်းခြောက်သွေ့သည့် ထိုအရပ်ဒေသကို ဒေသစိမ်းလန်းစိုပြည်စေပြီး ဒေသဝမ်းစာအတွက် စပါးစိုက်ပျိုးနိုင်ရေး၊ ကျေးရွာများအတွက် သောက်သုံးရေ ရရှိရေးတို့အတွက် ယခု မြေခဲတောင် ရေလှောင်တမံကို နိုင်ငံတော်က တည်ဆောက် အကောင်အထည်ဖော်ပေးလိုက်ပြီဖြစ်ကြောင်း၊ ဒေသနေ တောင်သူလယ်သမားများနှင့် ပြည်သူများသည် ရေလှောင်တမံ၏ ဆည်ရေနှင့် စပါးသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အတွက် တစ်ဦးချင်း ဝင်ငွေများ မြင့်မားလာမည် ဖြစ်ကြောင်း၊ ကျေးရွာများ၏ သောက်သုံးရေရရန် ကြုံတွေ့နေရသည့် အခက်အခဲများသည် ယခု ရေလှောင်တမံကြောင့် ကွယ်ပျောက်သွားစေမည် ဖြစ်သည့်အပြင် ပူပြင်းခြောက်သွေ့သော ဒေသ၏ ရေမြေအနေအထားကို စိမ်းလန်းစိုပြည်သည့် သဘာဝအဖြစ် ပြောင်းလဲဖြစ်ပေါ်စေမည်ဖြစ်ကြောင်း။

မြေခဲတောင် ရေလှောင်တမံသည် တပ်မတော်အစိုးရ နိုင်ငံ့တာဝန်ယူခဲ့သည့် ၁၉၈၈ ခုနှစ် နောက်ပိုင်း နိုင်ငံနှင့်အဝန်း အကောင်အထည်ဖော် တည်ဆောက်ခဲ့သော ၁၈၉ ခု မြောက် ဆည်မြောင်း စီမံကိန်းဖြစ်သကဲ့သို့ မကွေးတိုင်းအတွက်လည်း ၃၂ခုမြောက် ရေလှောင်တမံလည်းဖြစ်ကြောင်း။

ဒေသဝမ်းစာမဖူလုံသေးသည့် မကွေးတိုင်း၊ ပခုက္ကူခရိုင်၏ ဒေသဝမ်းစာ ဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် နိုင်ငံတော်မှ ဆည်ငယ်ပေါင်း ၇၁ ခု ပါဝင်သည့် ဆည်စုအဖွဲ့ကို ပခုက္ကူခရိုင် မြို့နယ် ငါးမြို့နယ်တွင် တည်ဆောက်ပေးလျက်ရှိကြောင်း။

ယင်းဆည်အစုအဖွဲ့အားလုံး တည်ဆောက်ပြီးသွားပါက ဆည်ရေသောက် ဧရိယာဧက၈၆၃၀ရရှိမည်ဖြစ်သကဲ့သို့ နိုင်ငံတော်မှ ငွေကျပ်သန်းလေးထောင်နီးပါးခန့် သုံးစွဲမည်ဖြစ်ကြောင်း။

ထိုနည်းတူစွာပင် နိုင်ငံတော်မှပခုက္ကူခရိုင်အတွင်း၌ မြစ်ရေတင် စီမံကိန်းပေါင်း ၁၃ခု စုစုပေါင်းဧက ၃၅၀၀၀ခန့် စိုက်ပျိုးရေ ပေးဝေနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

ယခု ရေလှောင်တမံကို မြေခဲတောင်ရိုး ချောင်းကိုပိတ်ပြီး ရေဧကပေ ၂၈၈၀ သိုလှောင်နိုင်အောင် တည်ဆောက်ထားကြောင်း၊ တမံအမြင့် ၄၄ ပေနှင့် တမံအလျားပေ ၁၃၀၀

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့ မြေခဲတောင်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (လယ်/ဆည်)

ရှိကြောင်း၊ နိုင်ငံတော်က ငွေကျပ် ၁၀၂ သန်းကျော် အကုန်အကျခံ တည်ဆောက်ပေးထားသည့် ယခု ရေလှောင်တမံကို တစ်နှစ်အတွင်း တည်ဆောက်ပြီးစီးနိုင်ရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည့် ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်မှ တာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း။

ယခု ရေလှောင်တမံကို ရေရှည်တည်တံ့စွာနှင့် မိမိတို့ လူမှုစီးပွားရေးဘဝတွင် အကျိုးရှိစွာ အသုံးချ သွားနိုင်အောင် ဒေသ၏ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းစောင့်ရှောက်ရေးကို ဒေသတာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ပခုက္ကူခရိုင် ရေစကြိုမြို့နယ်မှ ဦးကျော်ရွှေက မြေခဲတောင် ရေလှောင်တမံတည်ဆောက်ခြင်းကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် မင်္ဂလာအချိန် ကျရောက်သည်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မြေခဲတောင် ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအုန်းမြင့်တို့က ကမ္ပည်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်တို့က မြေခဲတောင် ရေလှောင်တမံမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့် တို့သည် တည်ဆောက်ခဲ့သည့် အင်ဂျင်နီယာများ၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူများနှင့်အတူ ရေလှောင်တမံ ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဖွင့်ပွဲမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် ဒုတိယဝန်ကြီး ဦးအုန်းမြင့်တို့သည် မြေခဲတောင် ရေလှောင်တမံနှင့် တူးမြောင်း အဆောက်အအုံများ၊ ရေထုတ်ပြွန်မှ ဆည်ရေပေးဝေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

မြေခဲတောင် ရေလှောင်တမံသည် တမံအမြင့် ၄၄ပေ၊ တမံ အလျားပေ ၁၃၀၀ ရှိသည်။

နှစ်စဉ်ပျမ်းမျှစီးဝင်ရေဧကပေ ၁၄၀၀ ရှိသည့် မြေခဲတောင်ရိုးချောင်းကိုပိတ်၍ ကိုင်းမကြီး ကျေးရွာအုပ်စု၌ တည်ဆောက်ထားသည်။ ရေဧကပေ၂၈၈၀ သိုလှောင်နိုင်ပြီး ကန်ရေပြည့်ရေပြင် ကျယ်မှာ ဧရိယာဧက ၂၁၈ ဧက ရှိသည်။ ရေပိုလွှဲမှာ အကျယ်ပေ ၆၀ ရှိသည်။ ရေထုတ်ပြွန်မှာ သုံးပေXသုံးပေ ရေတံခါးတစ်ပေါက်ပါရှိပြီး၊ အလျားပေ ၂၂၀ ရှိကာ ရေပေးဝေမည့်တူးမြောင်းမှာ အလျားပေ ၁၂၀၀၀ ရှိသည်။ အဆိုပါ တူးမြောင်းမှ ဆည်ရေပေးဝေလျက်ရှိပြီး ယခင်က ပဲ တီးစိမ်းနှင့် နှံစားသီးနှံ တစ်သီးစိုက်အဖြစ် ဧက၃၅၀ စိုက်ပျိုးရာမှ ယခုအခါ ပထမသီးနှံအဖြစ် မိုးစပါး ၃၄၅ဧက စိုက်ပျိုးရန် လျာထားရာ ဧက၃၀၈ဧက စိုက်ပျိုးပြီးဖြစ်သည်။ ထို့အပြင် ကုလားပဲသီးထပ် အပါအဝင် သီးနှံစုစုပေါင်းဧက၅၀၀အထိ တိုးတက်စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း စီစဉ်မှုဖြင့် စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာမန်းသက်စံက "Energy, The Driving Force or the Dragging Force of the World Economy" ခေါင်းစဉ်ဖြင့် ဟောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အတွက် ကုလသမဂ္ဂကိုအသုံးချနေသော အမေရိကန်နိုင်ငံ၏ ရှုပ်ကွက်မြုပ်ကွက်များ

ယခုစက်တင်ဘာလ ၁၉ရက်နေ့ထုတ်မြန်မာသတင်းစာများတွင် **"မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက် ချမှတ်ခြင်းအပေါ် နိုင်ငံတော်အစိုးရနှင့်ပြည်သူတို့၏ သဘောထား"** ဖော်ပြချက်ကို ဖတ်ရှုလိုက်ရပါသည်။

အဆိုပါ သဘောထားဖော်ပြချက်တွင် အမေရိကန်နိုင်ငံက မြန်မာနိုင်ငံ၏ ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်မှု ပြုလုပ်နိုင်ရေးအတွက် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအချို့အတွင်း နည်းမျိုးစုံဖြင့် ဖိအားပေး စည်းရုံးမှုများ ပြုလုပ်ခဲ့ပုံကို အောက်ပါအတိုင်း ဖော်ပြထားကြောင်း တွေ့ရှိရပါသည်-

"အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးတွင်ဝင်ရောက်စွက်ဖက်နိုင်ရေးကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှ ယခုအချိန်၌ ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးရန် ကြိုးစားလာသည်ကို တွေ့ရပါသည်။ လုံခြုံရေးကောင်စီတွင် မဲဆန္ဒပေးရာ၌ အမေရိကန်နိုင်ငံသည် အလှည့်ကျအဖွဲ့ဝင်နိုင်ငံများကို နိုင်ငံရေးအရ ဖိအားပေးခြင်း၊ စီးပွားရေးအရ အကျပ်ကိုင်ခြင်း၊ နိုင်ငံတကာ အကူအညီများဖြင့် ဆွဲဆောင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၎င်းတို့ လိုအပ်သော ထောက်ခံမဲများရအောင် ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံနှင့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုရှိခဲ့သော ဂျပန်နိုင်ငံသည်ပင်လျှင် မြန်မာနိုင်ငံ အရေးကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဆောင်ရွက်မှုများကို လက်မခံကြောင်း ထုတ်ပြန်ကြေညာခဲ့ရာမှ ယခုအခါတွင် အမေရိကန်၏ နိုင်ငံရေး ဖိအားပေးမှု အောက်၌ သဘောထား ပြောင်းလဲသွားခဲ့သည်ကို ဝမ်းနည်းဖွယ် တွေ့ခဲ့ရပါသည်။ ဤသည်မှာ ဒုတိယကမ္ဘာစစ်အတွင်း၌ မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ပြီး ဖက်ဆစ်ဝါဒ ဆိုးဖြင့် အမျိုးမျိုးညှဉ်းပန်းနှိပ်စက် ရက်စက်ခဲ့သည်ကို မြန်မာပြည်သူများက အာဃာတမထား၊ အမုန်းမပွားဘဲ စိတ်သဘောထားဖြူစင်စွာဖြင့် ခွင့်လွှတ်မေ့ဖျောက်ခဲ့မှုအပေါ် မထောက်ထား၊ မငဲ့ကွက်သည့်လုပ်ရပ်ပင် ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် အာရှတိုက်သားအချင်းချင်း ရိုင်းပင်းကူညီရမည့်အစား မျက်နှာကြီးရာ ဟင်းဖတ်ပါသည့် လုပ်ရပ်ဖြစ်နေကြောင်း တွေ့ရှိရပါသည်။ အလားတူပင် မြန်မာနိုင်ငံအရေးကိစ္စသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေခြင်းမရှိဘဲ ပြည်တွင်းရေးပြဿနာ သက်သက်သာဖြစ်သည်ဟု ယုံကြည်နေသော အလှည့်ကျအဖွဲ့ဝင် နိုင်ငံအချို့သည်လည်း ဖိအားအမျိုးမျိုးအောက်တွင် သဘောထား ပြောင်းလဲ သွားခဲ့သည်ကို တွေ့ရပါသည်။ မိမိတို့အနေဖြင့် ထိုနိုင်ငံများ၏အခြေအနေကို စာနာနားလည် သဘောပေါက်သော်လည်း ယခုကဲ့သို့ လုံခြုံရေးကောင်စီ၏ အခွင့်အာဏာကို နိုင်ငံကြီးတစ်ခု၏ အကျိုးစီးပွားအတွက် အသုံးပြုကာ နိုင်ငံငယ်တစ်ခု၏ ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်ရန် ကြိုးစားမှုမျိုးသည် ထိုနိုင်ငံများအပါအဝင် ကျန်နိုင်ငံများပေါ်တွင်လည်း အချိန်မရွေး ကျရောက်လာ နိုင်ကြောင်း သတိပေးလိုပါသည်။

"အမေရိကန်နိုင်ငံက လုံခြုံရေးကောင်စီ အလှည့်ကျအဖွဲ့ဝင် နိုင်ငံများထံမှ ထောက်ခံမှုများ ရရှိစေရန်အတွက် နိုင်ငံတကာအကူအညီများဖြင့် စည်းရုံးသိမ်းသွင်းခဲ့သည်မှာ မသင့်မလျော်သည့် လုပ်ရပ်ဖြစ်သည်ကို တွေ့ရပါသည်။ ထိုသို့ မသင့်မလျော် ဆောင်ရွက်မှုများနှင့် ပတ်သက်၍

စာဖတ်သူတစ်ဦး

အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်၌ ပြုလုပ်သည့် လေ့လာချက်စာတမ်းတစ်ခုတွင်လည်း ဆွေးနွေးဝေဖန် ထောက်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။"

ဖော်ပြပါ အကြောင်းခြင်းရာများနှင့်စပ်လျဉ်း၍ ဂဃနဏ လေ့လာသိရှိရန်အတွက် အင်တာနက်တွင် ဟားဗတ်တက္ကသိုလ်၏ လေ့လာချက် ဖော်ပြထားမှုများကို ရှာဖွေကြည့်ရှုခဲ့ပါသည်။ ၂၀၀၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်စွဲဖြင့် Deutsche Presse Agentur မှ JT Nguyen ရေးသားထားသည့် Vote Buying in UN Security Council (by Any Other Form Study) ဆောင်းပါးတွင် အသေးစိတ် တွေ့ရှိ ဖတ်ရှုခဲ့ရပါသည်။

"ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် မဲဝယ်မှုများရှိနေသည်"ဟူသည့် ၎င်းဆောင်းပါးတွင် ဖော်ပြထားသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

"ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်ဖြစ်လာခြင်းအားဖြင့် အမေရိကန်ကဲ့သို့ ချမ်းသာသော နိုင်ငံများထံမှ စီးပွားရေးအကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း၊ ထိုချမ်းသာသော နိုင်ငံများက လုံခြုံရေးကောင်စီအဖွဲ့ဝင် ဖြစ်လာသော ဖွံ့ဖြိုးဆဲနိုင်ငံများထံမှ မဲဝယ်ရန် ချဉ်းကပ်ဆက်ဆံလာကြကြောင်း ဟားဗတ်တက္ကသိုလ်မှ လေ့လာချက်တစ်ရပ်က ဆိုထားပါသည်။ ဟားဗတ်စီးပွားရေးပညာရှင်နှစ်ဦး၏ အဆိုအရ လုံခြုံရေးကောင်စီ အဖွဲ့ဝင် (၁၅) နိုင်ငံတွင် အဖွဲ့ဝင်အဖြစ် ပါဝင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် အဓိကအားဖြင့် အမေရိကန်နိုင်ငံထံမှ ငွေကြေးအထောက်အပံ့ အကူအညီကို ကမ္ဘာပေါ်၌ ပဋိပက္ခများ၊ နိုင်ငံရေး အကျပ်အတည်းများ ဖြစ်ပေါ်နေချိန်တွင် ပိုမိုရရှိနိုင်ကြကြောင်း၊ ထိုအချိန်အခါမျိုးတွင် အမေရိကန်အနေဖြင့် ယင်းတို့၏မဲများကို ပိုမိုလိုအပ်သောကြောင့်ဖြစ်ကြောင်း သိရသည်။

"လုံခြုံရေးကောင်စီ အဖွဲ့ဝင် (၁၅)နိုင်ငံတွင် ပါဝင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံသည် ပျမ်းမျှအားဖြင့် အမေရိကန်ထံမှ ထောက်ပံ့ငွေ (၅၉)ရာခိုင်နှုန်း ပိုမိုရရှိမည်ဖြစ်ပြီး ကုလသမဂ္ဂထံမှ ရှစ်ရာခိုင်နှုန်း ပိုမိုရရှိမည်ဖြစ်ကြောင်း ထိုလေ့လာချက်က ဆိုထားသည်။ ငွေပမာဏအားဖြင့် တွက်ပြရလျှင် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံသည် လုံခြုံရေးကောင်စီဝင် ဖြစ်လာလျှင် ၎င်း၏သက်တမ်းအတွင်း ကုလသမဂ္ဂထံမှ ဒေါ်လာတစ်သန်း နှင့်အတူ အမေရိကန်ထံမှ ထောက်ပံ့ငွေ ဒေါ်လာ ၁၆ သန်းကို မျှော်လင့်နိုင်သည်။ ပဋိပက္ခအကျပ်အတည်း များ ဖြစ်နေချိန်နှင့်တိုက်ဆိုင်လျှင်မူ ကုလသမဂ္ဂထံမှ ဒေါ်လာ ရှစ်သန်းနှင့်အတူ အမေရိကန်ထံမှ ထောက်ပံ့ငွေ ဒေါ်လာ ၄၅ သန်းအထိ မျှော်လင့်နိုင်သည်ဟုဆိုသည်။

"နိုင်ငံတစ်နိုင်ငံ၏ မဟာဗျူဟာမြောက် အကျိုးစီးပွားအပေါ် ပြည်ပအထောက်အပံ့ရရှိမှုက သိသာစွာ အကျိုးသက်ရောက်မှုရှိသည်၊ သို့ရာတွင် အထောက်အပံ့ပေးမည့် အစိုးရများသည် အထောက်အပံ့ပေးရေး ဆုံးဖြတ်ရာတွင် လူသားချင်းစာနာထောက်ထားမှုကိစ္စများကို ဦးစားပေးထည့်သွင်း စဉ်းစားခဲ့ခြင်းမရှိသဖြင့် ဆင်းရဲမှုလျှော့ချရေး ဦးတည်ဆောင်ရွက်ချက်များနှင့် သွေဖည်လွဲချော်လျက်ရှိနေသည်။

"ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်နိ
ပေးမှုများနှင့် ကုလသမဂ္ဂမှ လာဘ်ပေးလာ
လာမည့် အောက်တိုဘာလထုတ် နိုင်ငံ
ချက် အကြိုစာမူကို ဂျာမန်သတင်းဌာန
ဟားဗတ်တက္ကသိုလ်နှင့် ဟားဗတ်စီးပွား
ကိန်းဂဏန်းများ၊ အစိုးရများ၏ ပြည်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲဝ
လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၏
မည်ဖြစ်သည်။ လုံခြုံရေးကောင်စီ၏ မဲပေး
ရရှိမှုပမာဏတို့က လာဘ်ပေးလာဘ်ယူမှုမျ
၎င်းတို့နှစ်ဦးက ဆိုသည်။ ထိုလေ့လာချက်
ယခင်က ထုတ်ပြန်ခဲ့သော အဆိုပါ လေ့လ
နိုင်ငံရေး ရည်မှန်းချက်များ ပါဝင်နေကြ

"ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွ
အမေရိကန်၊ တရုတ်၊ ပြင်သစ်နှင့် ဗြိတ
ဆုံးဖြတ်ချက်များကို ဗီတိုအာဏာသုံး၍ ပ
အဖြစ် အခြား ၁၀ နိုင်ငံကိုလည်း နှစ်နှ
လုံခြုံရေး ကောင်စီဝင်နိုင်ငံများ၊ သို့မဟု
ထိုအမြဲတမ်း မဟုတ်သော လုံခြုံရေးကေ
ဖြစ်ကြသည်။ သို့ရာတွင် ဆင်းရဲသောနိုင်
ကနေဒါနှင့် အီတလီတို့ကဲ့သို့ ဖွံ့ဖြိုးပြီးနိ

"လုံခြုံရေးကောင်စီဝင်အဖြစ် ရွေးချယ်
သိသာစွာပိုမိုလာပြီး အဖွဲ့ဝင်သက်တမ်း ကုန်
လျော့နည်းသွားကြောင်း ထိုလေ့လာချက်
သာသာထိုးထိုး ရရှိလာခြင်းသည် ထိုအ
ရေးရာတို့တွင် ဘက်လိုက်မှုများရှိနေသ
လုံခြုံရေးကောင်စီဝင် နိုင်ငံအချို့ကလည်
သည်။ ထိုနိုင်ငံအနေဖြင့် လုံခြုံရေးကောင
ပေးလျှင် ကုလသမဂ္ဂအဖွဲ့အစည်း တစ်ရ
အဘယ့်ကြောင့်ဆိုသော် ထိုနိုင်ငံကြီးတ
ဖြစ်သည်။ အဆိုပါ လေ့လာချက်တွင် အမေ
ငွေကြေးထောက်ပံ့ မှုများကို အရွေးချယ်ခံ
ငွေကြေးအများဆုံး ထောက်ပံ့နေသောနိ
အမေရိကန်နိုင်ငံသားဖြစ် နေကြောင်း၊ ယူ
စိုက်ပျိုးရေးဝန်ကြီးဟောင်း Ann Vener

"အဆိုပါ လေ့လာချက် စာတမ်း
လိုက်စားမှုများရှိနေကြောင်း၊ ယခုကဲ့သို့ ပေ
မှုစပြီး လုံခြုံရေးကောင်စီနှင့် နိုင်ငံတက
ဖြစ်ရပ်များကို အခြေခံကာ ၎င်းတို့ စုံစမ

"လုံခြုံရေးကောင်စီ၏ ရွေးချယ်ခံအ
သတ်မှတ်ထားပြီး မိမိတို့တိုက်မှ ယခုနှစ်
ကြရသည်။ ကုလသမဂ္ဂ အထွေထွေညီလ
အဖွဲ့ဝင်သစ်ကို သုံးပုံနှစ်ပုံသော ဆန္ဒမဲ
ကောင်စီဝင်နိုင်ငံများမှာ အာဂျင်တီးနား၊
အားလုံး လာမည့်ဒီဇင်ဘာ ၃၁ ရက်နေ့
ကောင်စီဝင် ငါးနိုင်ငံ ဖြစ်သည့် ကွန်ဂို၊ ဂ
ဒီဇင်ဘာလအထိ သက်တမ်းရှိဦးမည်ဖြစ်သ
နိုင်ငံသည် လာမည့်အောက်တိုဘာလတွင်
ဖြစ်လာရေးအတွက် ကြိုးပမ်းလျက်ရှိသည်
မလိုလားဘဲ ဂွာတီမာလာနိုင်ငံကို ဝင်ရေ

ဟားဗတ်တက္ကသိုလ်မှ လေ့လာချက်
ဖတ်ရှုလေ့လာခြင်းဖြင့် လုံခြုံရေးကောင်စီ
တွေ့ရှိနိုင်မည်ဖြစ်သည်။ အမေရိကန်နိုင်ငံ
တွင် ထည့်သွင်းဆွေးနွေးရန် နှစ်ရှည်လမ
၁၅ ရက်က လုံခြုံရေးကောင်စီ အစီအစဉ်
၁၀မဲ၊ ကန့်ကွက်မဲ လေးမဲ၊ ကြားနေမဲ တ
အမြဲတမ်းအဖွဲ့ဝင် ရုရှားနှင့် တရုတ်၊ ရွေး
ကြားနေမဲပေးခဲ့သည်။

ဤမျှဆိုလျှင် မြန်မာနိုင်ငံ၏ ပြည်
အသုံးချခဲ့သော အမေရိကန်နိုင်ငံ၏ ရှုပ်ကွ
မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ပြည်တွ
ထိခိုက်မှုမရှိကြောင်း ပကတိ အရှိတရား
သမာသမတ်ရှိရှိ ရပ်တည်ကြသော က
သွားပါဦးမည်။ ။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင် ဖြစ်လာခြင်းအားဖြင့် အမေရိကန်ကဲ့သို့ ချမ်းသာသော နိုင်ငံများထံမှ စီးပွားရေး အကျိုးကျေးဇူးများ ရရှိနိုင်၊ ထိုချမ်းသာသော နိုင်ငံများက လုံခြုံရေးကောင်စီ အဖွဲ့ဝင်ဖြစ်လာသော ဖွံ့ဖြိုးဆဲနိုင်ငံများထံမှ မဲဝယ်ရန် ချဉ်းကပ်ဆက်ဆံလာကြကြောင်း ဟားဗတ်တက္ကသိုလ်မှ လေ့လာချက်တစ်ရပ်က ဆို။ ဟားဗတ်စီးပွားရေးပညာရှင်နှစ်ဦး၏ အဆိုအရ လုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅ နိုင်ငံတွင် အဖွဲ့ဝင် အဖြစ်ပါဝင်သည့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် အဓိကအားဖြင့် အမေရိကန်နိုင်ငံထံမှ ငွေကြေး အထောက်အပံ့အကူအညီကို ကမ္ဘာပေါ်၌ ပဋိပက္ခများ၊ နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်နေချိန်တွင် ပိုမိုရရှိနိုင်ကြ၊ ထိုအချိန်အခါမျိုးတွင် အမေရိကန်အနေဖြင့် ယင်းတို့၏မဲများကို ပိုမိုလိုအပ်သော ကြောင့်ဖြစ်။

"ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်နိုင်ငံ ဖြစ်လာရတာ မည်မျှတန်သနည်း၊ ပြည်ပအထောက်အပံ့ပေးမှုများနှင့် ကုလသမဂ္ဂမှ လာဘ်ပေးလာဘ်ယူမှုများ" ဟု ခေါင်းစဉ်တပ်ထားသော အဆိုပါလေ့လာချက်ကို လာမည့် အောက်တိုဘာလထုတ် နိုင်ငံရေးဘောဂဗေဒဂျာနယ်၌ ဖော်ပြသွားမည်ဖြစ်သည်။ ထိုလေ့လာချက် အကြိုစာမူကို ဂျာမန်သတင်းဌာနသို့ ပေးပို့ခဲ့ခြင်းဖြစ်သည်။ ထိုလေ့လာချက်ကို ရေးသားသော ဟားဗတ်တက္ကသိုလ်နှင့် ဟားဗတ်စီးပွားရေးကျောင်းမှ Ilvana Kuziemko နှင့် Eric Werker တို့က ကိန်းဂဏန်းများ၊ အစိုးရများ၏ ပြည်ပအထောက်အပံ့ဆိုင်ရာ ထုတ်ပြန်ချက်များကို ကိုးကားကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲဝယ်မှုများ၊ လာဘ်ပေးလာဘ်ယူမှုများ ရှိနေပုံ၊ ထို့ကြောင့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များ၏ နောက်ကွယ်တွင် ကြိုးကိုင်မှုများ ရှိနေပုံတို့ကို ဖော်ထုတ်သွားမည်ဖြစ်သည်။ လုံခြုံရေးကောင်စီ၏ မဲပေးမှုစနစ်နှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများ ပြည်ပထောက်ပံ့ငွေရရှိမှုပမာဏတို့က လာဘ်ပေးလာဘ်ယူမှုများ ရှိနေသည်ဟူသော အဆိုကို မီးမောင်းထိုး ဖော်ပြလျက်ရှိသည်ဟု ၎င်းတို့နှစ်ဦးက ဆိုသည်။ ထိုလေ့လာချက်စာတမ်းတွင် မည်သည့်နိုင်ငံဟူ၍မှ နာမည်တပ်၍ ပြောမထားပေ။ ယခင်က ထုတ်ပြန်ခဲ့သော အဆိုပါ လေ့လာချက်စာတမ်းမျိုးကလည်း ပြည်ပမှ ကူညီထောက်ပံ့မှုတိုင်းတွင် နိုင်ငံရေး ရည်မှန်းချက်များ ပါဝင်နေကြောင်း ပြဆိုခဲ့ကြသည်။

"ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံပါဝင်နေပြီး ၎င်းတို့မှာ ရုရှား၊ အမေရိကန်၊ တရုတ်၊ ပြင်သစ်နှင့် ဗြိတိန်တို့ဖြစ်ကြသည်။ ၎င်းအဖွဲ့ဝင် နိုင်ငံများသည် ကုလသမဂ္ဂ ဆုံးဖြတ်ချက်များကို ဗီတိုအာဏာသုံး၍ ပယ်ဖျက်နိုင်ကြသည်။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီဝင်နိုင်ငံများအဖြစ် အခြား ၁၀ နိုင်ငံကိုလည်း နှစ်နှစ်တစ်ကြိမ် ရွေးချယ်ကြရာ ၎င်းတို့ကို အမြဲတမ်းမဟုတ်သော လုံခြုံရေး ကောင်စီဝင်နိုင်ငံများ၊ သို့မဟုတ် ရွေးချယ်ခံ လုံခြုံရေးကောင်စီဝင်နိုင်ငံများဟု ခေါ်ကြသည်။ ထိုအမြဲတမ်း မဟုတ်သော လုံခြုံရေးကောင်စီဝင်နိုင်ငံများသည် များသောအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်ကြသည်။ သို့ရာတွင် ဆင်းရဲသောနိုင်ငံများအား ငွေကြေးထောက်ပံ့ပေးနေသော ဂျာမနီ၊ ဂျပန်၊ စပိန်၊ ကနေဒါနှင့် အီတလီတို့ကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများလည်း ပါဝင်ကြသည်။

"လုံခြုံရေးကောင်စီဝင်အဖြစ် ရွေးချယ်ခံရလျှင် ထိုနိုင်ငံအား ပေးသော ပြည်ပငွေကြေး အထောက်အပံ့များ သိသာစွာပိုမိုလာပြီး အဖွဲ့ဝင်သက်တမ်း ကုန်ဆုံးသွားလျှင် ယင်းငွေကြေး အထောက်အပံ့များ ချက်ချင်းသိသာစွာ လျော့နည်းသွားကြောင်း ထိုလေ့လာချက်က ဆိုသည်။ ယင်းသို့ ပြည်ပမှ ငွေကြေးအထောက်အပံ့များ သာသာထိုးထိုး ရရှိလာခြင်းသည် ထိုအထောက်အပံ့ခံ နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာတို့တွင် ဘက်လိုက်မှုများရှိနေသည်ဟူသော အချက်ကို သိသာထင်ရှားစေသည်။ ရွေးချယ်ခံ လုံခြုံရေးကောင်စီဝင် နိုင်ငံအချို့ကလည်း မိမိတို့၏မဲများကို ရောင်းစားကြရန် အလွန်လိုလားနေကြသည်။ ထိုနိုင်ငံအနေဖြင့် လုံခြုံရေးကောင်စီတွင် နိုင်ငံကြီးတစ်နိုင်ငံ၏ အကျိုးစီးပွားဘက်မှ ရပ်တည်ပေးလျှင် ကုလသမဂ္ဂအဖွဲ့အစည်း တစ်ရပ်ရပ်မှ ဖွံ့ဖြိုးရေး အကူအညီများကိုလည်း ရရှိနိုင်သေးသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနိုင်ငံကြီးတစ်နိုင်ငံသည် UN အေဂျင်စီများအပေါ် သြဇာညောင်းနေ၍ ဖြစ်သည်။ အဆိုပါ လေ့လာချက်တွင် အမေရိကန်နိုင်ငံသည် တိုက်ရိုက်ဖြစ်စေ၊ ယူနီဆက်ရန်ပုံငွေအဖြစ်ဖြစ်စေ ငွေကြေးထောက်ပံ့ မှုများကို အရွေးချယ်ခံရသော နိုင်ငံများအား ပေးနိုင်လျက်ရှိကြောင်း၊ ယူနီဆက်သို့ ငွေကြေးအများဆုံး ထောက်ပံ့နေသောနိုင်ငံမှာ အမေရိကန်ဖြစ်ပြီး ယူနီဆက်၏ ဥက္ကဋ္ဌမှာလည်း အမေရိကန်နိုင်ငံသားဖြစ် နေကြောင်း၊ ယူနီဆက်၏ လက်ရှိအမှုဆောင်ဒါရိုက်တာသည် အမေရိကန်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဟောင်း Ann Venernan ဖြစ်ကြောင်း ဖော်ပြထားသည်။

"အဆိုပါ လေ့လာချက် စာတမ်းရေးသားသူများက ကုလသမဂ္ဂစနစ်ကြီးတစ်ခုလုံးတွင် အဂတိလိုက်စားမှုများရှိနေကြောင်း၊ ယခုကဲ့သို့ ဖော်ပြနိုင်ရန်အတွက် ၁၉၄၅ ခုနှစ် ကုလသမဂ္ဂ ပေါ်ပေါက်လာချိန်မှစပြီး လုံခြုံရေးကောင်စီနှင့် နိုင်ငံတကာ သံခင်းတမန်ခင်းကိစ္စများတွင် အဓိက အရေးပါသော ဖြစ်ရပ်များကို အခြေခံကာ ၎င်းတို့ စုံစမ်းထောက်လှမ်းခဲ့ကြခြင်း ဖြစ်ကြောင်း ဆိုထားသည်။

"လုံခြုံရေးကောင်စီ၏ ရွေးချယ်ခံအဖွဲ့ဝင် ၁၀ နိုင်ငံကို ကမ္ဘာ့တိုက်ကြီးငါးတိုက်သို့ လျာထားခွဲဝေသတ်မှတ်ထားပြီး မိမိတို့တိုက်မှ ယခုနှစ်တွင် မည်သည့်နိုင်ငံ ပါဝင်အရွေးခံသင့်သည်ဟု နှစ်စဉ်ဆုံးဖြတ်ကြရသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နှစ်စဉ် အောက်တိုဘာလတွင် လုံခြုံရေးကောင်စီအဖွဲ့ဝင်သစ်ကို သုံးပုံနှစ်ပုံသော ဆန္ဒမဲဖြင့်ရွေးချယ်သည်။ လုံခြုံရေးကောင်စီတွင် လက်ရှိရွေးချယ်ခံ ကောင်စီဝင်နိုင်ငံများမှာ အာဂျင်တီးနား၊ ဒိန်းမတ်၊ ဂရိ၊ ဂျပန်နှင့် တန်ဇန်းနီးယားတို့ဖြစ်ကြပြီး ၎င်းတို့အားလုံး လာမည့်ဒီဇင်ဘာ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးကြမည်ဖြစ်သည်။ အခြားရွေးချယ်ခံ ကောင်စီဝင် ငါးနိုင်ငံ ဖြစ်သည့် ကွန်ဂို၊ ဂါနာ၊ ပီရူး၊ ကာတာနှင့် ဆလိုဗက်ကီးယားတို့သည် ၂၀၀၇ခုနှစ် ဒီဇင်ဘာလအထိ သက်တမ်းရှိဦးမည်ဖြစ်သည်။ အမေရိကန်၏မူဝါဒကို ဆန့်ကျင်လျက်ရှိသော ဗင်နီဇွဲလားနိုင်ငံသည် လာမည့်အောက်တိုဘာလတွင် ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌လုံခြုံရေးကောင်စီဝင် ဖြစ်လာရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ အမေရိကန်နိုင်ငံက ဗင်နီဇွဲလားနိုင်ငံ အဖွဲ့ဝင်ဖြစ်လာမည်ကို မလိုလားဘဲ ဂွာတီမာလာနိုင်ငံကို ဝင်ရောက်အရွေးခံရန် တိုက်တွန်းလျက်ရှိသည်။"

ဟားဗတ်တက္ကသိုလ်မှ လေ့လာချက်စာတမ်းကို သုံးသပ်ဖော်ပြထားသည့် အဆိုပါ ဆောင်းပါးကို ဖတ်ရှုလေ့လာခြင်းဖြင့် လုံခြုံရေးကောင်စီအတွင်းမှ အမေရိကန်၏ အရှုပ်အထွေးများကို ထင်လင်းစွာ တွေ့ရှိနိုင်မည်ဖြစ်သည်။ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံ၏ အရေးကိစ္စအား လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် နှစ်ရှည်လများ ကြိုးပမ်းအားထုတ်ခဲ့သည်။ ပြီးခဲ့သည့် စက်တင်ဘာလ ၁၅ ရက်က လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၁၀မဲ၊ ကန့်ကွက်မဲ လေးမဲ၊ ကြားနေမဲ တစ်မဲဖြင့် အတည်ပြုခဲ့သည်။ ကန့်ကွက်မဲပေးသည့် နိုင်ငံများမှာ အမြဲတမ်းအဖွဲ့ဝင် ရုရှားနှင့် တရုတ်၊ ရွေးချယ်ခံအဖွဲ့ဝင် ကာတာနှင့် ကွန်ဂိုတို့ဖြစ်ပြီး တန်ဇန်းနီးယားက ကြားနေမဲပေးခဲ့သည်။

ဤမျှဆိုလျှင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ရန်အတွက် ကုလသမဂ္ဂကို အသုံးချခဲ့သော အမေရိကန်နိုင်ငံ၏ ရှုပ်ကွက်မြှုပ်ကွက်များကို သိရှိလောက်ပြီ ဖြစ်ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ပြည်တွင်းရေးသာဖြစ်ပြီး နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်မှုမရှိကြောင်း ပကတိ အရှိတရားအတိုင်း ရိုးသားဖြူစင်စွာ ရှုမြင်လျက် ဘက်လိုက်ခြင်းကင်းစွာ သမာသမတ်ရှိရှိ ရပ်တည်ကြသော ကမ္ဘာ့နိုင်ငံများ၏ ရှုထောင့်အထွေထွေကိုလည်း လေ့လာတင်ပြသွားပါဦးမည်။ ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel Ma Shoudong အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဖွံ့ဖြိုးသာစွ တို့ပြည်အလှ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် စက်တင်ဘာ ၂၇

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"ဖွံ့ဖြိုးသာစွ တို့ပြည်အလှ"** ခေါင်းစဉ်ဖြင့် ရိုက်ကူးယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားသည်။ ရိုက်ကူးယှဉ်ပြိုင်သည့်အကြောင်းအရာမှာ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ယဉ်ကျေးမှုများ၊ ရှုခင်းများ စသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် လှပမှုများကို ဖော်ညွှန်းရိုက်ကူးထားသောဓာတ်ပုံများ ပါဝင်ယှဉ်ပြိုင်ကြရန် ဖြစ်သည်။

ယှဉ်ပြိုင်နိုင်

ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ X ၁၄ လက်မဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားကိုမဆို အသုံးပြုနိုင်ပြီး ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို အောက်တိုဘာ ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် စာတည်းမှူး(ထုတ်လုပ်ရေးဌာနခွဲ) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၇၁၃၄၂၊ ၃၇၁၃၄၀ တို့သို့စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော် ပဝါရဏာပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကကြီးမှူး၍ (၂၉)ကြိမ်မြောက် ပဝါရဏာပွဲကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်ဝင်းအတွင်းရှိ ဓမ္မာရုံသစ်ကြီး၌ (၁၃၆၈ ခုနှစ် သီတင်းကျွတ်လပြည့်နေ့) အောက်တိုဘာ ၆ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ပဝါရဏာပွဲသို့ လှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့ရုံး ဖုန်း-၂၉၀၄၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ပဒေသာပင် စုပေါင်းရေစက်ချပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

ပဓာနနာယက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကယောဆရာတော်ကြီး စီမံအုပ်ချုပ်တော်မူလျက်ရှိသော ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၌ ၁၃၆၇ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (၁၇-၁၀-၂၀၀၅)မှ ၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (၆-၁၀-၂၀၀၆)အထိ တစ်နှစ်တာအတွင်း ကျောင်းတိုက်အတွက် ပဒေသာပင်အသီးသီး စိုက်ထူလှူဒါန်းထားကြသော အလှူရှင်များ၏ စုပေါင်းရေစက်ချပွဲကို ၁၃၆၈ခုနှစ် သီတင်းကျွတ်လပြည့် (အောက်တိုဘာ ၆ရက်) နံနက်၉နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် ဝေယျာဝစ္စအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၀၆ (ကြာသပတေးနေ့)

၁၃၆၈ခုနှစ်၊ သီတင်းကျွတ်လဆန်း(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ကြည်ညိုဦးခိုက်ဖူးလိုက်စို့တူပျော်မကွေးမြသလွန်စေတီတော်
၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၅ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ အကပဒေသာ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ်ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(တတိယဆု) (အထက-၁၊ကျောက်တန်း) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ် (သိပ္ပံအထူးပြုအားလုံး)(ဓာတုဗေဒ)
၅:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၁၅ ၆။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ" (မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဧကရီကျော်ကျော်) (ဒါရိုက်တာ-မောင်ယဉ်ကျော်)**
၅:၂၅ ၇။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၅:၄၀ ၈။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ၊ အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊အမျိုးသမီး)
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ သီရိဂေဟာ
၇:၀၀ ၁၂။ စိမ်းလန်းစိုပြည် အပူပိုင်းဒေသနယ်မြေ
၇:၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နတ်သမီး" (အပိုင်း-၄)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး ပထမချစ်ပုံပြင်" (အပိုင်း-၃)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၇

သစ်တောရေးရာဝန်ကြီးဌာနမှ အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယင်းအခမ်းအနားဖွင့်ပွဲနှင့်အတူ ပထမအကြိမ် ပန်းပွဲတော်နှင့် National Landmarks Garden ဖွင့်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်မဂ္ဂဇင်း အထူးထုတ်ဝေမည်ဖြစ်ပြီး မဂ္ဂဇင်းအတွက် ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်စာမူများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပတ်သက်သော သမိုင်းဝင် အထောက်အထားများကို ညွှန်ကြားရေးမှူး သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန သစ်တောဦးစီးဌာန ဖုန်း-၀၆၇-၄၀၅၃၉၇၊ ၀၁-၆၈၁၇၆၁ နှင့် ညွှန်ကြားရေးမှူး စီမံခန့်ခွဲရေးဌာန သစ်တောဦးစီးဌာန ၀၆၇-၄၀၅၄၀၁၊ ၀၁-၆၈၁၉၂၉ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းနှင့် စာမူရှင်များအား ဂုဏ်ပြုဆုချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကြော်ငြာများ ပေးပို့ထည့်သွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် ဗဟိုလမ်းနှင့် ပန်းတနော်လမ်းထောင့်ရှိ သုခိတာရာမ ပရိယတ္တိစာသင်တိုက် (၂၅)နှစ်မြောက် ငွေရတုသဘင် ကျင်းပနိုင်ရေးအတွက် ငွေရတုကျောင်းဆောင်ပထမထပ်ကို ကျွန်းတောလမ်းနေ (ဦးမောင်ချစ်-ဒေါ်အေးကျင်)တို့၏ သားရဟန်း ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ (သာသနဓဇ ဓမ္မာစရိယ) သီရိမင်္ဂလာရုံကျောင်း ဖက်သောင်ရွာ ဇလွန်မြို့နယ် ဧရာဝတီတိုင်းမှ အလှူငွေကျပ်သိန်း ၆၀ ကို ဆရာတော်၏ညီမ မသွယ်လေးက ငွေရတုသဘင်ကျင်းပရေးကော်မတီသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ သင်တန်းကျောင်းနှင့် မီးသတ်စခန်းများစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့လိုက်ပါလျက် စက်တင်ဘာ ၂၂ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဗဟိုမီးသတ်သင်တန်းကျောင်းရှိ ဇီးပင်ကြီး မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကလေးများ၏ ကဗျာရွတ်ဆိုမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးနှင့်ဇနီးတို့က ကလေးများအား မုန့်များကို ဝေငှကာ ကလေးများ၏ နေ့ထိုင်စားသောက်မှုအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဗဟိုမီးသတ်သင်တန်းကျောင်းရှိ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ကျောင်းအုပ်ကြီး ဦးသောင်ဇင်က လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က သင်တန်းသား စီစဉ်ဆောင်ရွက်မှုနှင့် စားစရိတ်ထောက်ပံ့မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး ယနေ့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဝန်ကြီးသည် စက်တင်ဘာ ၂၅ ရက်တွင် မန္တလေးမြို့ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၏ သိုလှောင်ရုံကို လည်းကောင်း၊ မန္တလေးနန်းအရှေ့ သန္တေမီးသတ်စခန်း၊ ဟေမာအနောက် အရန်မီးသတ်စခန်းနှင့် မန္တလေးဗဟိုမီးသတ်စခန်းများကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် မန္တလေးဗဟိုမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ တိုင်းမီးသတ်ဦးစီးဌာနမှူး ဦးဝင်းမြင့်က မန္တလေးတိုင်းနှင့် မန္တလေးမြို့တော် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးနှင့် ရေရရှိရေးအခြေအနေများ၊ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ ယနေ့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု မကွေးတိုင်း၊ ပခုက္ကူမြို့၊ မဟာဝိဇယာရာမ အရှေ့တိုက် ဆရာတော်ဘဒ္ဒန္တမာလာလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်၊ မင်းတည်ကုန်းရွာ ခမည်းတော် ဦးမြတ်ထွား၊ မယ်တော် ဒေါ်အေးစိုးတို့မှ ၁၂၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁)ရက်၊ (ကြာသပတေးနေ့)တွင် ဖွားမြင်တော်မူ၍ မွေးချင်း(သုံး)ယောက်အနက် အကြီးဆုံးသားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဒီပဲယင်းမြို့နယ် မင်းတည်ကုန်းအရှေ့အုဌ်ကျောင်း ဆရာတော် ဦးပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့သည်။ ၁၂၈၇ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ ၁နာရီ ၁၅ မိနစ်အချိန်တွင် ဒီပဲယင်းမြို့နယ်၊ မင်းတည်ကုန်း အရှေ့အုဌ်ကျောင်းခဏ္ဍသိမ်၌ ချောင်းဦးတောရဆရာတော် ဦးလင်္ကာဒီပကို ဥပဇ္ဈာယ်ပြု၍ တောင်သူကြီး ဦးပေါဟန်-ဒေါ်အေးဖြူတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃နှစ်သားအရွယ် ရှင်သာမဏေဘဝတွင် မင်းတည်ကုန်းကျေးရွာ အရှေ့အုဌ်ကျောင်းဆရာတော် ဦးပဏ္ဍိစ္စထံ၌ အခြေခံ ပရိယတ္တိစာပေများ သင်ယူတော်မူခဲ့ပြီး ရဟန်းဘဝတွင် မင်းတည်ကုန်း မြောက်ကျောင်းဆရာတော် ဦးသုန္ဒတ၊ မန္တလေးမြို့၊ အနောက်ပြင်ဝိသုဒ္ဓါရုံတိုက်၊ ဒီပဲယင်းဆရာတော်ဦးဉာဏ၊ စည်ရှင်ဆရာတော်ဦးကောသလ္လ၊ အမရပူရမြို့၊ တူးမောင်းတိုက်၊ ဓမ္မဝါစကကျောင်းဆရာတော်ဦးနန္ဒိယ၊ မိုးကုတ်ဆရာတော် ဦးဝိမလ၊ မင်္ဂလာတိုက်သစ်ဆရာတော် ဘုရားကြီးတိုက်ပခန်းကျောင်းဆရာတော် ဦးသုန္ဒရ၊ ပခုက္ကူမြို့၊ မဟာဝိဇယာရာမအရှေ့တိုက်သစ် တိုက်တည်ဆရာတော်ကြီး (အဂ္ဂမဟာပဏ္ဍိတ) ဦးဇောတိက (အဂ္ဂမဟာပဏ္ဍိတ)ဆရာတော် ဦးဉာဏိန္ဒတို့ထံတွင် ပိဋကသုံးပုံ၊ ပါဠိတော်အဋ္ဌကထာ ဋီကာတို့ကို သင်ကြားဆည်းပူးတော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၁၇ခုနှစ် ဝါဆိုလပြည့်နေ့တွင် မဟာဝိဇယာရာမ အရှေ့တိုက်၏ဂဏဝါစကအဖြစ် ချီးမြှောက်မှုကိုခံယူပြီး ဂဏဝါစကအဖြစ် နှစ်(၂၀)၊တိုက်အုပ်စာချအဖြစ်(၁၆)နှစ် စုစုပေါင်း(၃၆)နှစ်ကျော်စာသင်သားသံဃာတော် (၄၅၀)ကျော်တို့အား အစဉ်မပြတ်ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူခဲ့သည်။ ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ ကာရကတာဝန်၊ ဆဋ္ဌသင်္ဂါယနာ နေတ္တိဘာဏကတာဝန်၊ မဟာဝိဇယာရာမတိုက် ကထိကတာဝန်၊ မူလစာချတာဝန်၊ မဟာဝိဇယာရာမအရှေ့တိုက်ကြီး၏ စတုတ္ထမြောက်ဦးစီး ပဓာနတာဝန်များအပြင် ပခုက္ကူဖောင်တော်ဦးဂေါပကအဖွဲ့၊ သီဟိုဠ်ရှင်ဘုရားဂေါပကအဖွဲ့၊ ပခုက္ကူစာဖြေဌာန၊ ကုသလဝါယမဆွမ်းလောင်းအသင်း၊ သာသနနုဂ္ဂဟဆွမ်းလောင်းအသင်းတို့၏ ဩဝါဒါစရိယအဖြစ်ဆောင်ရွက်တော်မူခဲ့ပြီး နိုင်ငံတော်ဩဝါဒါစရိယတာဝန်ကိုပါ ဆောင်ရွက်တော်မူခဲ့သည်။

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဆရာတော်ကြီး ဗုဒ္ဓမြတ်စွာသာသနာတော်၏ အကျိုးကိုထက်သန်သောလုံ့လဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်း၊ ဝိနယဂရုက၊ လဇ္ဇီပေသလ္လ၊ သိက္ခာကာမ ရတ္တညျူမဟာနာယကဂုဏ်၊ လောကဗဟုပတာရဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် နိုင်ငံတော်အစိုးရက ၁၉၉၁ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၉၉၉ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်မှုရင်းမှ သက်တော်(၁၀၁)နှစ်၊သိက္ခာတော်(၈၁)ဝါအရ ၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၉)ရက်၊ ၂၇-၉-၂၀၀၆(ဗုဒ္ဓဟူးနေ့)နံနက်၉နာရီ ၄၅မိနစ် အချိန်တွင် သီတင်းသုံးရာ မဟာဝိဇယာရာမ(အရှေ့)တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

ယနေ့မိုးလေဝသ

(၂၈-၉-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရှင်းလင်းမှာကြား

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မန္တလေး ဗဟိုမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ တပ်ဖွဲ့ဝင်များအား နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ရှင်းလင်းမှာကြားစဉ်။(မီးသတ်ဦးစီး)

● **ကျောဖုံးမှ**

ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေး၊ ကမ္ဘာ့အလယ်တွင် ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးဂုဏ်သိက္ခာ ညှိုးငယ်မှုမဖြစ်စေရေးကို လွတ်လပ်သောနိုင်ငံနှင့် လူမျိုးတိုင်းက အလေးပေးစောင့်ရှောက်ရမည်ဖြစ်ပါသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန် အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် မြန်မာနိုင်ငံအခြေအနေအား "ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်သည်ဟူသော စွပ်စွဲမှုဖြင့်" လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

အမေရိကန်နိုင်ငံ၏ တင်ပြချက်သည် ကျွန်တော်တို့နိုင်ငံ၏ ပကတိအခြေအနေနှင့် လွန်စွာကင်းကွာနေကြောင်း တွေ့ရှိရပါသည်။ လက်ရှိပကတိအခြေအနေမှာ ကျွန်တော်တို့အထူးဒေသ(၄)အပါအဝင် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းလျက်ရှိပြီး ယခင်က တစ်ခါမျှမရရှိ ဖူးသော ဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ခံစားနေရကာ ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေကြပါသည်။

ဤဆုံးဖြတ်ချက်ကြောင့် ကျွန်တော်တို့၏ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်မှုအပေါ် အသိအမှတ်ပြုရာမရောက်စေသည့်အပြင် နိုင်ငံတော်၏ ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာခြင်း၊ ကျွန်တော်တို့ လိုလားတောင့်တသည့် နိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် နှောင့်နှေးကြန့်ကြာစေခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ အမေရိကန်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မှုအား လက်မခံကြောင်း၊ ရှုတ်ချကန့်ကွက်ကြောင်း၊ နိုင်ငံတော်အစိုးရ ပြည်သူများနှင့်အတူ တစ်သဘော၊ တစ်ဆန္ဒတည်း ရပ်တည်ကြောင်း ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
ဦးစိုင်းလင်း

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၀	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၆၀)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	**သံဃာ့ဂုဏ်ရည်မြတ်လယ်တီ-ထူးချွန်ထင်ရှားတပည့်များ အပိုင်း(၂)**
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဘက်မတူတဲ့တက်လူ" (အပိုင်း-၉)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေ

ရန်ကုန် စက်တင်ဘာ ၂၇

ယနေ့နံနက် မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးအောင်ဆောင်ရွက် ကျေးလက်ပြည်သူများ စာဖတ်ဝါသနာပါလာအောင်စည်းရုံး

ရန်ကုန် စက်တင်ဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၂ရက်တွင် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့သွားရောက်ပြီး ပြန်ကြားရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ မြင်းခြံခရိုင်နှင့် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပုပ္ပား ထပ်ဆင့်လွှင့်စက်ရုံမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးက ပြန်ကြားရေးဝန်ထမ်းများသည် မိမိဌာနအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်ရေးနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုကို အရည်အသွေးကောင်းမွန်စွာဖြင့် အချိန်ပြည့် ထုတ်လွှင့်နိုင်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

တွေ့ဆုံမှာကြား

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၃ရက်တွင် ပေါက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့သွားရောက်၍ လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြန်ကြားရေးဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲတွင် မကွေးတိုင်းနှင့်ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်ကို ဖြည့်စွက်မှာကြားပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် အား(၄)အားဖြင့် ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ပြည်သူများသိရှိအောင် ကျေးရွာများသို့ ကွင်းဆင်း၍ ဟောပြောဆွေးနွေးခြင်း၊ နယ်လှည့် စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ပေါက်မြို့နယ်၌ တည်ဆောက်ပြီးစီးနေသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မင်းဘူးခရိုင်ဇုန်မှူး ဦးကျော်ရွှေက ပေါက်မြို့နယ်အတွင်း ရုပ်မြင်သံကြားထုတ်လွှင့်ပြသနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များ ဆွေးနွေးမှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၄ရက်တွင် ထီးလင်းမြို့၌ တည်ဆောက် ပြီးစီးနေသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မင်းဘူးခရိုင်ဇုန်မှူး ဦးကျော်ရွှေက ထီးလင်းမြို့နယ် အနီးတစ်ဝိုက်၌ ရုပ်မြင်သံကြားဖမ်းယူ ကြည့်ရှုနိုင်ရန်အတွက် ထပ်ဆင့်လွှင့် စက်တပ်ဆင်ရေး စီစဉ်ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျေးဇူးတုံ့ပြန်

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် စက်တင်ဘာ ၂၅ရက်တွင် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၌ ဖွင့်လှစ်ထားသော မိတ္ထီလာခရိုင်၊ ရမည်းသင်း ခရိုင်နှင့် ပျဉ်းမနားခရိုင်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဝန်ထမ်းများ လုပ်ငန်းခွင် အရည်အချင်း တိုးတက်မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ်(၃/၂၀၀၆)သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား၊ သင်တန်းသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများသည် ပြည်သူများနှင့် အများဆုံး ထိတွေ့ဆက်ဆံရသူများဖြစ်၍ အရည်အသွေးပြည့်ဝပြီးလုပ်ငန်းကျွမ်းကျင်သော ဝန်ထမ်းများဖြစ်ရန်လိုအပ်ကြောင်း၊ ကျွမ်းကျင်မှု အရည်အသွေးကောင်းများဖြင့် ပေးအပ်ထားသောလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေး၊ ရိုးသားကြိုးစားစေတနာထားရှိရေး၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဆောင်ရွက်ရေးနှင့် ကျေးလက်ပြည်သူများ စာဖတ်ဝါသနာပါလာအောင် စည်းရုံးဆောင်ရွက်ရေး၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ဝန်ကြီးဌာနက ချမှတ်ပေးထားသော ရည်မှန်းချက်တာဝန်များကို စေတနာထား၍ အပြည့်အဝ အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံတော်အကြီးအကဲ၏ ကျေးဇူးကိုတုံ့ပြန်သွားကြရန်လိုအပ်ကြောင်းဖြင့် မှာကြားကာ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ထီးလင်းမြို့တွင် တည်ဆောက်ပြီးစီးနေသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီးက ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ အမျိုးသမီးသက်မွေး အတတ်ပညာ သင်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပြန်ကြားရေးရာ ဌာန ဒုတိယဌာနကြီးမှူး ဒေါ်မြမြနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးရာ ဌာနအဖွဲ့ဝင်များ၊ အမျိုးသမီး သက်မွေး အတတ်ပညာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများနှင့် ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ကိုယ်စား ဒုတိယဌာနကြီးမှူး ဒေါ်မြမြက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ အမျိုးသား စာပေဆုရ စာရေးဆရာမ မစန္ဒာက “ဖန်ခွက်ထဲက ရေတစ်ဝက်” ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် အမျိုးသမီး သက်မွေးအတတ် ပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာမြင့်က ကျေးဇူးတင်စကားပြောကြားပြီး ဟောပြောပေးသော စာရေးဆရာမ မစန္ဒာအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အမျိုးသမီး သက်မွေး အတတ်ပညာသင်တန်းကျောင်းရှိ အမျိုးသမီးလေးများ နံနက်စာနှင့် နေ့လယ်စာအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပြန်ကြားရေးရာ ဌာနကြီးက ငွေကျပ် ၄၅၀၀၀၊ ရန်ကုန်တိုင်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့က နေ့လယ်စာအတွက် ငွေကျပ် ၃၇၀၀၀တို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာမြင့်ထံ ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဟောပြော

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲတွင် အမျိုးသားစာပေဆုရ စာရေးဆရာမ မစန္ဒာက “ဖန်ခွက်ထဲကရေတစ်ဝက်” ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၉-၂၀၀၆ (ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဝိနည်းတော်နှင့်ညီသည့် သက်န်းဟူသည်
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၇:၃၅	ပြည်တွင်းသတင်းအကျဉ်း
၇:၄၅	ဦးခိုက်ဖူးမြော် ရွှေမော်ဓောစေတီတော်
၈:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၀၅	ဆေးဖက်ဝင်စားသောက်စေလို သဘာဝလင်ဗီးမှို
၈:၁၀	မိုးလေဝသခန့်မှန်းချက်
၈:၁၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	အသည်းခြောက်ရောဂါနှင့် ပင့်ကူမျှင်သွေးကြော (အပိုင်း-၁) (ဒေါက်တာခင်မောင်ဝင်း)
၈:၅၅	ပြည်တွင်းသတင်းအကျဉ်း
၉:၀၅	ဆန်းသစ်လှပ ရော်ဘာရွက်ပန်းအလှ
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	ပလူတိုဂြိုဟ်နှင့် နက္ခဗေဒအမြင် (ဦးအမ်းယုမောင်၊မျိုးမြတ်သူ)
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	ဝိသာခါသီလရှင်သင် အမျိုးသမီးပညာရေး ကျောင်းသို့တစ်ခေါက်
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	ကွန်ရက်ပမာယုက်သွယ်ဖြာ
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	ငွေကြယ်ပွင့်တို့ရဲ့ဖြစ်တည်မှု (ဖြိုးကြီးနှင့် သူ၏အနုပညာခရီးလမ်း)
၁၁:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀	ကြံသီးနှံအထွက်တိုးရေး အခြေခံနည်းပညာ
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	အညာမြေမှ မြန်မာ့ပုန်းရည်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၁၁နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အဘိဓမ္မာအခါတော်နေ့ စာအောင်ဆုနှင်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်း၌ (၄၅)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ ကျေးဇူးရှင်ပူဇော်ပွဲနှင့် စာအောင်ဆုနှင်းပွဲကို အောက်တိုဘာ ၆ ရက် (သောကြာနေ့) (သီတင်းကျွတ်လပြည့်နေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားထားသူများ၊ အဘိဓမ္မာ- သံယုတ် စာမေးပွဲများအား ၂၀၀၅ ခုနှစ်တွင် အသင်းချုပ်မှ ဝင်ရောက်ဖြေဆို အောင်မြင်သူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် အသင်းဝင်အမှုဆောင်များ မပျက်မကွက် ကြွရောက်ပါရန် ဖိတ်ကြားထားသည်ဟု သိရသည်။

(၂၃)

စက်တင်ဘာ ၂၃ ရက်က ဧရာဝတီတိုင်း မြေစာရင်းဦးစီးမှူး ဦးအောင်တင်မြင့်နှင့်ဇနီး ဒေါ်ရီရီအေး အမှူးပြုသော ဝန်ထမ်းမိသားစုများ ရွှေမုဋ္ဌောဘုရားအရှေ့ဘက်ရှိ ဒေါ်လှယဉ် ဓမ္မာရုံ မြို့မဆွမ်းလောင်းအသင်း၌ မြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော်အပါး ၂၆၀၀ တို့အား အရုဏ်ဆွမ်းဆက်ကပ်လောင်းလှူကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဆေးရုံတက်လူနာများအတွက် အလှူငွေလှူဒါန်းပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် လယ်ဝေးမြို့ ပြည်သူ့ဆေးရုံသို့ သမားတော်၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်၊ ကလေးအထူးကု၊ မျက်စိအထူးကု၊ သွားအထူးကုနှင့် မေ့ဆေးအထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဩဂုတ် ၆ ရက်က ကွင်းဆင်းဆေးကုသရာတွင် လူနာ ၁၀၃၆ ဦးအား စစ်ဆေးကုသခဲ့ပြီး နေပြည်တော် ခုတင် (၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံသို့ လွှဲပြောင်းကုသရန် လိုအပ်သော လူနာ ၁၁၄ ဦးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က အလှူငွေထပ်မံလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ခုတင် (၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကြင်ခိုင်၊ ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်း၊ ပြန်ကြားရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်ဝင်းနှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က အလှူငွေ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် ၁၃ သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာကြည်ဝင်းက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များသည် ခုတင် (၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံ၌ တက်ရောက်ကုသမှု ခံယူနေသော လူနာများအား လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားကြသည်။ **(အပေါ်ဝဲပုံ)**

ယင်းလူနာများ ဆေးရုံတက်ရောက်ကုသမှုခံယူရန်အတွက် လယ်ဝေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က လိုအပ်သည်များကို ပူးပေါင်းစီစဉ်ပေးကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လယ်ဝေးမြို့နယ်သို့ ကွင်းဆင်းကုသစဉ်က ပထမအကြိမ်အဖြစ် ငွေကျပ်ရှစ်သိန်းကို လှူဒါန်းခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် ဆေးရုံတက်ရောက်ကုသမှုခံယူသူများအတွက် ငွေကျပ် ၁၃ သိန်း ထပ်မံလှူဒါန်းရာ စုစုပေါင်းငွေကျပ် ၂၁ သိန်း လှူဒါန်းပြီးဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း အဆိုပါ လူနာများအတွက် လိုအပ်သည့် မေ့ဆေး၊ ဓာတ်မှန်နှင့် ဓာတ်ခွဲစမ်းသပ်မှုများအတွက် အခမဲ့ စစ်ဆေးကုသပေးသည်။ ယနေ့ ဆေးရုံတက်ရောက်ကုသမှုခံယူသည့် လူနာမှာ ၂၀ဦးဖြစ်ပြီး ဆက်လက် ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်တာနက် အားကစားသတင်း

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များ ကျင်းပ ရီးယဲလ်မဒရစ်၊ မန်ယူ၊ လိုင်ယွန်နှင့် အာဆင်နယ်အသင်းတို့ အနိုင်ရရှိ

ပေကျင်း စက်တင်ဘာ ၂၇

ကိုးကြိမ်တိုင်တိုင် ချန်ပီယံဖြစ်ခဲ့သော ရီးယဲလ်မဒရစ်အသင်းသည် လွန်ခဲ့သော သီတင်းနှစ်ပတ်က လိုင်ယွန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သော်လည်း ယနေ့ပွဲတွင် ခြေတွေ့လာပြီး ဒိုင်နမိုကိယက်ဗ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အနိုင်ဂိုးများကို ရာအူးလ်နှင့် ရုဒ်ဗင်နစ္စတယ်ရွိုင်းတို့က နှစ်ဂိုးစီ သွင်းယူပြီး ဂျိုဆေးအန်တိုနီယိုရေးယက်က တစ်ဂိုး သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်တစ်ခုတွင် အာဆင်နယ်အသင်းက ပေါ်တိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိလိုက်သဖြင့် ချန်ပီယံလိဂ် ရှုံးထွက်ပွဲများဆီသို့ တက်လှမ်းရန် သေချာသွားပြီဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲများ၌ အစဉ်အလာရှိသော ပြင်သစ်ချန်ပီယံ လိုင်ယွန်အသင်းသည်လည်း ယှဉ်ပြိုင်ဘက် စတူအာဘူခါရက်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ချန်ပီယံလိဂ် (စ)အုပ်စုပွဲစဉ်တွင် မန်ချက်စတာယူနိုက်တက်အသင်းက ဘင်ဖီကာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် တစ်ပြန်တစ်လှည့် အနိုင်ရလိုက်သည်။ ပြင်သစ်လူမျိုး တိုက်စစ်မှူး လူဝစ်ဆာဟာ သွင်းပေးသော တစ်လုံးတည်းသော ဂိုးဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

မန်ယူမှ ဆာဟာ ဘင်ဖီကာဘက်သို့ ဂိုးသွင်းလိုက်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

စားသောက်ကုန်လုပ်ငန်း လေ့လာရန် ပြည်ပထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး အခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ဦးဆောင်သည့် အဖွဲ့ဝင် ကိုးဦးတို့သည် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများ၊ ထုပ်ပိုးပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများ၊ စားသောက်ကုန် ထုတ်လုပ်သည့် စက်ကိရိယာများနှင့် စားသောက်ကုန် ပစ္စည်းအမယ်သစ်များ ထုတ်လုပ်နိုင်မှု အခြေအနေတို့ကို လေ့လာရန် ယမန်နေ့ နံနက်ပိုင်းတွင် ပြည်ပသို့ လေကြောင်းခရီးဖြင့်ထွက်ခွာသွားကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌဦးသောင်းတင်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး မိသားစုစကားဝိုင်းကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်သည် လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ခင်မေစိုး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် အငြိမ်းစားပါမောက္ခ ဒေါ်ဌေးဌေး၊ လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် သနွှဲပင်ကျေးရွာ ကိုးလုံးကွင်း ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများမှ အမျိုးသမီးများ၊ ရပ်ကွက်ကျေးရွာများမှ အမျိုးသမီးများကို အမျိုးသမီးရေးရာစကားဝိုင်းဖြင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်နှင့် အဖွဲ့ဝင်များ မှော်ဘီမြို့နယ် သနွှဲပင်ကျေးရွာတွင် မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများမှ အမျိုးသမီးများ၊ ရပ်ကွက်ကျေးရွာများမှ အမျိုးသမီးများနှင့် အမျိုးသမီးရေးရာစကားဝိုင်းများဖွဲ့၍ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

အဆိုပါအမျိုးသမီးရေးရာစကားဝိုင်းကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများ၊ ရပ်ကွက်ကျေးရွာများမှ အမျိုးသမီးငယ်လေးများ အင်အား ၃၀၀ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးတပ်ဖွဲ့မှ ရဲအုပ်ဒေါ်အမ်ခေါင်ဒင်က လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့် ဥပဒေရေးရာများကိုလည်းကောင်း၊ အငြိမ်းစားပါမောက္ခ ဒေါ်ဌေးဌေးက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့မှ ဒေါက်တာ ဒေါ်အေးမြတ်လွင်က HIV/AIDS ဆိုင်ရာ ကာကွယ်တားဆီးနိုင်သော လူတို့၏ အလေ့အကျင့်အကြောင်း သိကောင်းစရာများကို လည်းကောင်း ဟောပြောကာ တက်ရောက်လာကြသူများက သိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ ပြန်လည် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် မင်္ဂလာဒုံမြို့နယ် မလွန်ဩဝါဒါစရိယ ဆရာတော် ဦးစန္ဒောဘာသ အမှူးထား၍ မလွန်ဆန်အသင်း(မင်္ဂလာဒုံ) ဥက္ကဋ္ဌ ဦးအေးလွင်နှင့် ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေများက ငွေကျပ် ၉၄၅၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)နှင့် အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ကွယ်လွန်သူ ဦးသောင်းရင်အားရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်း(၇၂)ရပ်ကွက် နှယ်သာကီလမ်းနေ မိခင်ကြီး ဒေါ်စိန်လှက ငွေကျပ် ၁၁၀၀၀၀ကို မလွန်ဩဝါဒါစရိယ ဆရာတော် ဦးစန္ဒောဘာသ (ဇေယျာသီရိကျောင်းတိုက်) မင်္ဂလာဒုံထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြန်မာပြည်လမ်းညွှန်မြေပုံနှင့် ရန်ကုန်လမ်းညွှန်မြေပုံ အခမဲ့ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၇

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် Design Printing Services Co.,Ltd(D.P.S) သည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Tourist Guide Mapအမျိုးမျိုးတို့ကို ၁၉၉၅ခုနှစ်မှစတင်ပြီး ထုတ်ဝေလျက်ရှိရာ ယခုအထိစောင်ရေ ၁၂၀၀၀၀၀စီစဉ်ပုံနှိပ်ဖြန့်ချိပြီးဖြစ်ပါသည်။ ယခုပွင့်လင်းရာသီတွင် ပြည်တွင်းခရီးသွားများပါ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် Tourist Maps of Myanmar (TMM-17) **(အပေါ်ဝဲပုံ)**နှင့် Yangon Tourist Map (YTM-10)**(အပေါ်ယာပုံ)**တို့ကို စောင်ရေခြောက်သောင်းအခမဲ့ဖြန့်ချိနေပြီဖြစ်သည်။

Tourist Maps of Myanmar (TMM-17) တွင် မြန်မာပြည်အသေးစိတ်မြေပုံ၊ ရန်ကုန်တစ်မြို့လုံးမြေပုံ၊ မန္တလေးမြေပုံ၊ ပြင်ဦးလွင်မြေပုံ၊ ပုဂံမြေပုံ၊ မြောက်ဦးမြေပုံ၊ တောင်ကြီးအသေးစိတ်မြေပုံ၊ အင်းလေးမြေပုံ၊ ကျိုက်ထီးရိုးမြေပုံ၊ မြိတ်မြေပုံ၊ ငပလီမြေပုံ၊ ငွေဆောင်မြေပုံ၊ ချောင်းသာမြေပုံတို့ကို မွမ်းမံထည့်သွင်းထားသည်။ Yangon Tourist Map (10-2006)တွင် ရန်ကုန်တစ်မြို့လုံး အသေးစိတ်မြေပုံနှင့် စီးပွားရေးလုပ်ငန်းအများအပြားတည်ရှိရာနေရာများကို အသေးစိတ်ဖော်ပြထားသောမြေပုံတို့ပါရှိသည်။ ရန်ကုန်ရှိ နိုင်ငံတကာလေကြောင်းလိုင်းများ၊ နိုင်ငံတကာသံရုံးများ၊ Hotel, Inn, Restaurant, Travel & Tour, Golf Courses, Medical Centers, Courier Services, Language Schools, Beauty Spa, Taxi & Transport Services စသည်တို့ကို တည်နေရာနှင့် ဖုန်းနံပါတ်များကို တိကျရှင်းလင်းစွာ ဖော်ပြထားပါသည်။

ထို့ပြင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအသုံးပြုနိုင်ရန် ဈေးများ၊ နိုင်ငံတကာ အဆင့်မီ အရောင်းခန်းမကြီးများ၊ ပြတိုက်များ၊ ဘုရားပုထိုးစေတီများ၊ ကျောက်မျက်ရတနာနှင့် အမှတ်တရ ပစ္စည်းအရောင်းဆိုင်များကိုလည်း တိကျသောလမ်းညွှန်များနှင့် အလွယ်တကူ ရှာဖွေသွားရောက်နိုင်အောင် စီစဉ်ဖော်ပြထားသည်။

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကိုယ်စားလှယ်လွှဲစာ ပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း(ဆူးလေ)တွင် လည်းကောင်း၊ Design Printing Services Co.,Ltd. (D.P.S)အမှတ်(၁၆၅-၁၆၇)၊ပထမထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ Tel:(95-1) 304020, 204092 Tel/Fax:(95-1)245230တွင် လည်းကောင်း ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ မာလာလင်္ကာရ ပျံလွန်တော်မူ

ရန်ကုန် စက်တင်ဘာ ၂၇

နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု မကွေးတိုင်း၊ ပခုက္ကူမြို့၊ မဟာဝိဇယာရာမ(အရှေ့)တိုက်၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တ မာလာလင်္ကာရ သက်တော်(၁၀၁)နှစ်၊ သိက္ခာတော်(၈၁)ဝါရှိ ဆရာတော်ကြီးသည် ၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း(၆)ရက်၊ စက်တင်ဘာ ၂၇ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီ ၄၅မိနစ်တွင် သီတင်းသုံးရာ မဟာဝိဇယာရာမ (အရှေ့တိုက်)၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော် ဘက်စုံတည်ဆောက်ရေးအတွက် သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရီပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂိသက အလှူတော်ငွေ ကျပ် ၁၁၈၀၀၀ လှူဒါန်းရာ ဆရာတော်ကိုယ်စား တပည့်များက ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ပုလဲလမ်း၊ နိဗ္ဗိန္ဒကျောင်း ဆရာတော်ကြီး၏ ဩဝါဒကိုခံယူပြီး နယ်လှည့်ဓမ္မကထိက ငဖဲဆရာတော် ဘဒ္ဒန္တ ဝိလာသ(ဓမ္မာစရိယ)သည် အောက်တိုဘာ ၂ရက်မှ ၁၁ရက်အထိ ၁၀ရက် တရားစခန်းပွဲကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်သစ္စာလေးပါးတရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

တရားစခန်းဝင်မည့် ယောဂီများ အောက်တိုဘာ ၁ရက် ညနေ ၅နာရီအရောက် လာရောက်ကြရန်နှင့် ဖုန်း-၀၉-၅၁၆၅၂၅၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

မိုက်တီးလေးများ ဆက်လက်ရုံတင်

ရန်ကုန် စက်တင်ဘာ ၂၇

ယခုသောကြာပတ် စက်တင်ဘာ ၂၉ ရက်တွင် ပြီးခဲ့သည့် သောကြာနေ့မှစပြီး ရုံတင်ပြသနေသော မိုက်တီးလေးများ မြန်မာဇာတ်ကား တစ်ကားတည်းသာ မြို့လယ်ရုံများတွင် ပြသမည်ဖြစ်သည်။

မိုက်တီးလေးများ

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ် ဖြန့်ချိရေးမှ ဒါရိုက်တာ မိုက်တီး ရိုက်ကူးသည့် မိုက်တီးလေးများ ဇာတ်ကားတွင် ဦးကြီးစော(ဦးညွှန့်ဝင်း)၊ ဒေါ်သိမ်းမေ(ဒေါ်နွဲ့နွဲ့မူ)တို့မှာ ကျေးလက်အိမ်ထောင်ရှင်ဖြစ်ပြီး မိုက်ခဲ၊ စိန်ခဲ၊ အုတ်ခဲ၊ ကျောက်ခဲ အမည်မှည့်ထားသည့် သားလေးယောက်ရှိကြသည်။ ဦးကြီးစောမှာ ယခင်က မိသားစုကို ၎င်းတတ်သည့် မြန်မာ့လက်ဖွေ့ပညာဖြင့် ဝင်ငွေရှာကာ ကျွေးမွေးခဲ့သည်။ လက်ဖွေ့ထိုးရာမှ ဒဏ်ရာရရှိခဲ့သော ဦးကြီးစောမှာ လက်ဖွေ့လောကကို စွန့်ခွာခဲ့ရပြီး အသောက်အစား များခဲ့သည်။ မွေးထားသည့် သားများမှာလည်း တစ်ယောက်တစ်မျိုး ဆိုးကြသည်။ ဦးကြီးစော ကွယ်လွန်သွားသည်နှင့် မိခင်မှဆိုးမကြီးမှာ သားဆိုးများ၏ဒဏ်ကို ခံခဲ့ရတော့သည်။ သားလေးယောက်တွင် အငယ်ဆုံးသား ကျောက်ခဲတစ်ဦးသာ လိမ္မာရေးခြားရှိပြီး ပညာသင်ကြားဆဲ ကျောင်းသားတစ်ဦးဖြစ်သည်။ ၎င်း၏အစ်ကိုများ ပြဿနာဖြစ်တိုင်း ကျောက်ခဲမှာလည်း အစ်ကိုများဘက်မှ အမြဲတမ်း ရပ်တည်ရင်ဆိုင်ခဲ့ရသည်။ ကျောက်ခဲတွင် ကျောင်းနေဘက် သူငယ်ချင်း အလင်းရောင် (အိန္ဒြာကျော်ဇင်)ရှိပြီး သူတို့နှစ်ဦးမှာ အခြားရွာသို့ ကျောင်းသွားတက်ရသည်။

အလင်းရောင်က ကျောက်ခဲကို အလေးတယူ ဆက်ဆံခြင်းအား မနာလိုဖြစ်နေသူက ကိုကိုဦး ဆိုသည့် သူဌေးသား၊ သူကလည်း ရွာတွင် နာမည်ရ ဆိုးသွမ်းစာရင်းဝင်ဖြစ်သည်။ အလင်းရောင်ကို အကြောင်းပြု၍ ကိုကိုဦးတို့အုပ်စုနှင့် ကျောက်ခဲတို့ ရန်ပွဲဖြစ်ခဲ့ကြရာမှ အလင်းရောင်၏ ဖခင် ဦးမင်းရောင်က ရန်ပွဲအတွင်း ပါဝင်ဖြေရှင်းပေးစဉ် မမျှော်လင့်သော ကြေကွဲဖွယ် အဖြစ်အပျက်တို့ ကြုံကြရတော့သည်။ မိုက်တီးလေးများ ဇာတ်ကားမှာ နှစ်ပိုင်းဖြစ်ပြီး ပထမပိုင်းမှာ ဤမှာတွင်ပြီးဆုံးခဲ့သည်။

ဤဇာတ်ကားတွင် ညွှန့်ဝင်း၊ နွဲ့နွဲ့မူ၊ လွင်မိုး၊ လူမင်း၊ ရာဇာနေဝင်း၊ မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်တို့ ခေါင်းဆောင်ပါဝင်ကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ သုံးရုံ တစ်ပြိုင်တည်းပြနေသည်။

ပြသဆဲ မိုက်တီးလေးများ ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်းကို တွေ့ရစဉ်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင် ပြသဆဲ လူငယ်များအကြိုက် Superman Returnsဇာတ်ကား ဆက်လက်ပြသမည်ဖြစ်ပြီး ရွှေဆောင်ရုံတွင် ဒါရိုက်တာ Bretteisner ရိုက်ကူးသည့် Saharaဇာတ်ကား ပြသမည်ဖြစ်သည်။ ဇာတ်လမ်းမှာ အမေရိကန်ပြည်တွင်းစစ်အတွင်း နစ်မြုပ်သွားခဲ့သော စစ်သင်္ဘောကြီး တစ်စင်းပေါ်တွင် ပါရှိသွားသော ရတနာများကို ရှာဖွေကြသည့် ပညာရှင် အဖွဲ့တစ်ဖွဲ့နှင့် စစ်ဘုရင်တစ်ပါးတို့ ထိပ်တိုက်တွေ့ကြရာမှ ဖြစ်ပေါ်လာသည့် သည်းထိတ်ရင်ဖိုဖွယ် အဖြစ်အပျက်ကိုဇာတ်လမ်းဆင်ရိုက်ကူးထားသည့် စွန့်စားမှုအသားပေး ဇာတ်ကြမ်းကား တစ်ကား ဖြစ်သည်။

ရွှေဂုန် အဆင့်မြင့်ရုပ်ရှင်ရုံ အပေါ်ထပ်တွင် Mike Norris Steve Durham, David Corburn နှင့် Thalmus Rusulalaတို့ပါဝင်သည့်Born American စွန့်စားမှု အသားပေး အက်ရှင်ကား ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

ရွှေဂုန်ရုံ မြေညီထပ်တွင် နာမည်ကျော် အိန္ဒိယသရုပ်ဆောင် မင်းသားဆန်နီဒိုးလ်နှင့် လူကြမ်းမင်းသားကြီး အမရစ်ရှ်ပူရီတို့ ပါဝင်သည့် Salaakhen ဇာတ်ကားနှင့် မြို့မရုံတွင် ဒါရိုက်တာ Kundan Shah ရိုက်ကူးသည့် Dilhai Tumhaara အိမ်ထောင်ရေးဘဝ သရုပ်ဖော်ဇာတ်ကားများ ပြသမည်ဖြစ်သည်။

(ကြေးမုံ)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊မြေကွက်အမှတ် ၂-အိုင်၊ လူနေရပ်ကွက်(သုမင်္ဂလာ)၊ ဧရိယာ (၀ဒသမ၀၉၃)ဧကရှိ ရန်ကုန်မြို့၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ "ဦးစိုးမြင့်"အမည်ဖြင့် မြေနေရာချထားပေးသည့် အမှတ် ၂ အိုင်၊ ဒေါနီလမ်း၊ သုမင်္ဂလာရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးစိုးမြင့် [၁၂/မဂတ(နိုင်)၀၃၂၈၈၉] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် တန်ဖိုးငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါမြေကွက်၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ထွန်း
B.A(Law),LL.B

ဒေါ်ကြည်ကြည်ဌေး
B.A,(Law),LL.B

တရားရုံးချုပ်ရှေ့နေများ

တိုက်(၃၁၅)၊ အခန်း(၆)၊ ရန်အောင်လမ်းသွယ်(၃)၊ ရန်ကင်းမြို့နယ်
ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀-၁၅၂၃၄၊ ၅၄၆၄၀၄ (လိုင်းခွဲ-၃၈၈)

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော်ဦးနေမျိုးထွန်း[၁၂/ကမတ(နိုင်) ၀၁၈၇၉၇] နှင့် ဒေါ်ခင်စိန်မြင့်[၁၂/စခန(နိုင်)၀၀၅၁၃၄]တို့သည် ၂၅-၉-၂၀၀၆တွင် ရန်ကုန်တိုင်း တရားရုံး၌ နှစ်ဦးသဘောတူ တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်များ အားလုံးကို ၎င်းက တာဝန်ယူဖြေရှင်းပေးသွားမည်ဖြစ်ပြီး ကျွန်တော်မှ တာဝန်ယူဖြေရှင်းပေးနိုင်မည်မဟုတ်ပါ။ သမီးကြီးသည် ဖခင်၏ အုပ်ထိန်းမှုအောက်တွင်သာ ဆက်လက်တည်ရှိနေပါသည်။

ဦးနေမျိုးထွန်း

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ စစ်သံမှူး Colonel, Hj Abbas Bin Hj. Mat နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Sanusi Bin Hashim တို့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မလေးရှားနိုင်ငံ စစ်သံမှူး Colonel Hj Abbas Bin Hj. Mat နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Sanusi Bin Hashim တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီထွန်းကားမှုရှိသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကိုလိုလား

ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရေး၊ တိုင်းပြည်နှင့်လူမျိုးဂုဏ်သိက္ခာ မညှိုးငယ်ရေး လွတ်လပ်သောနိုင်ငံနှင့် လူမျိုးတိုင်းက အလေးပေး စောင့်ရှောက်ရမည်

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်မှုအား လက်မခံ၊ ရှုတ်ချကန့်ကွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ(၄)၊ စစ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးကော်မတီ ကြေညာချက်ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ(၄)၊ စစ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးကော်မတီက သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၅ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါသဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)
စစ်ရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးကော်မတီ၏
ထုတ်ပြန်ကြေညာချက်

၂၀၀၆ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်

ကျွန်တော်တို့အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဒီမိုကရေစီထွန်းကားမှုရှိသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို လိုလားတောင့်တပါသည်။ နိုင်ငံတော်တွင် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●